
mgyoe.com

# သုံးပုံတံချူကျမ်း

နှင့်

## သုံးပုံအိတ်ထောင့်ကျမ်း



ဒိုဲရင်းမြို့မြောက်လက်မုန့်တိုင်ပင်ရွာကျောင်း
“ဝိသာဘိလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု”
“ဝိသာဘိလင်္ကာရဓဇမဟာဓမ္မရာဇဂုရု”
ဘွဲ့တံဆိပ်တော်နှစ်ထပ်ရ

**မုန့်တိုင်ပင်ဆရာတော်**

ပြန်လည်ရိုက်နှိပ်ခြင်း


mgyoe.com

mgyoe.com

# သုံးပုံတစ်ချုပ်ကျမ်း

နှင့်

## သုံးပုံအိတ်ဆောင်ကျမ်း



MTP0002

2,300.00 KS

mgyoe.com

သုံးပုံတံချူကျမ်းနှင့်သုံးပုံအိတ်ထောင့်ကျမ်း။ မှန်တိုင်ပင်ဆရာတော်
စာမျက်နှာ ၁၄၅++ မျက်နှာ၊ ၁၄ · ၅ စင်တီ× ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး။ စိတ်ကူးချိုချိုစာပေ(ဝ၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(ဝဝ၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဇန်နဝါရီလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
၁၉၅၉ ဟံသာဝတီပုံနှိပ်တိုက်၏ ပထမအကြိမ်မူ။

ရောင်းဈေး ၂၃၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# သုံးပုံတံချူကျမ်း
# နှင့်
# သုံးပုံအိတ်ထောင့်ကျမ်း

မုန်တိုင်ပင်ဆရာတော်

ပြန်လည်ရိုက်နှိပ်ခြင်း ၂၀၀၁

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

**မြန်မာ့ယဉ်ကျေးမှု ဗဟုသုတအတွက် ကျွန်တော် လိုခါလိုခါ လွယ်လင့်တကူ ထုတ်ယူသုံးစွဲသော ဗဟုသုတဘဏ်တိုက် ဖြစ်နေပေသည်...။**

ဇေယျ

ကျွန်တော်တို့လူ့ဘဝသို့ ရောက်သည်မှာ သီပေါမင်း ပါတော်မူပြီးနောက် ၁၅ နှစ်လောက်မှ ဖြစ်၏။ ထိုအချိန်တွင် မြန်မာအမျိုးသားများမှာ အနောက်နိုင်ငံမှ လာရောက်သော အေ–ဘီ–စီ–ဒီ ယဉ်ကျေးမှုအောက်တွင် မိန်းမောတွေဝေလျက် မြန်မာစာပေ မြန်မာ့ယဉ်ကျေးမှုကို မေ့လျော့နေကြသော အချိန်ဖြစ်၏။ ထို့နောက် နှစ်ပေါင်း ၂၀ လောက်ကြာ၍ မြန်မာလူမျိုးတို့ နိုးကြားထကြွလျက် ဝံသာနုခေတ်ကြီးသို့ ပြောင်းဝင်လာသည်တွင်မှ ကျွန်တော်တို့သည် မြန်မာစာပေနှင့် မြန်မာ့ယဉ်ကျေးမှုကြီးကို ပြန်လည်တွေ့ရှိရလေသည်။ ဤတွင်မှ ကျွန်တော်တို့လည်း မြန်မာစာပေနှင့် ယဉ်ကျေးမှုကို စုံစုံမက်မက် အဆောတလျှင် ရှာဖွေစူးစမ်း လေ့လာကြလေသည်။

သို့သော် ထိုခေတ်တွင်မှ လူဖြစ်ရသော ကျွန်တော်တို့မှာ အခက်အခဲကြီး တစ်ခု တွေ့ရ၏။ မြန်မာစာပေကို သာမန်မျှမဟုတ်ဘဲ အတွင်းကျကျ နှိုက်နဲ လေ့လာကြသောအခါ မြန်မာစာပေ မြန်မာ့ယဉ်ကျေးမှု၌ ပါဠိဘာသာ ပါဠိယဉ်ကျေးမှုများ တစ်ဝက်မျှမက စွဲဝင်ပါရှိနေရာ ပါဠိကျမ်းဂန် စာပေများကို မွှေနှောက်ချောက်ချားခြင်း မပြုနိုင်လျှင် မြန်မာစာပေ၌ ပေါက်မြောက်ခြင်း မရှိနိုင်သည်ကို တွေ့ရလေသည်။ ကျွန်တော်တို့မှာ ခေတ်အလျောက် ဘုန်းတော်ကြီး

mgyoe.com

ကျောင်းများ၌ မနေခဲ့ရ၊ အင်္ဂလိပ်ကျောင်းများ၌သာ နေခဲ့ရသဖြင့် ပါဠိအခြေခံ မရခဲ့ကြချေ။ ပါဠိ မတတ်လျှင် မပေါက်ရောက်နိုင်ကြောင်း သိ၏။ ပါဠိသင်ရန် ကြံစည်အားထုတ်သော်လည်း အချိန်လွန်ခဲ့ပြီကို တွေ့ရလေသည်။ မိမိကိုယ်တိုင်က ပါဠိ မတတ်၍ ပါဠိကျမ်းဂန်များကို မလေ့လာနိုင်သော် ပါဠိကျမ်းဂန် နှံ့စပ် ကျွမ်းကျင်သော ဆရာကြီးများထံ မှီခိုကပ်ရပ် စုံစမ်းမည်ဟု ကြံစည်၏။ စုံစမ်းပြန် ပါလည်း ဆရာကြီးများမှာ သတိမေ့လျော့ကြသဖြင့် ကျွန်တော်တို့ လိုသလောက် မပြောနိုင်ကြသည်ကို တွေ့ရလေသည်။ အင်္ဂလိပ်ဘာသာ၌မူကား အရပ်ရပ် ရှေးဟောင်း ခေတ်သစ် ဗဟုသုတအမျိုးမျိုးတို့ကို လိုရာလိုရာကို မပင်မပန်း၊ အလွယ်တကူ ကောက်ယူကြည့်ရှုနိုင်ရန် အဘိဓာန်သဖွယ် အက္ခရာစဉ်ဖြင့် ပြုလုပ် ထားသော စာအုပ်များ ရှိ၏။ ငါတို့ မြန်မာဘာသာ၌လည်း ဤကဲ့သို့သော ဗဟုသုတ ပကိဏ္ဏကကျမ်းမျိုး ရှိပါမူကား ကောင်းပေစွဟု တောင့်တမိလေသည်။

ထို့နောက် ၁၀ နှစ်ခန့်လောက် ကြာသောအခါ အစိုးရရုံးတွင် ဝင်ရောက် အမှုထမ်းရာ တစ်နေ့သောအခါ နိုင်ငံခြားမှ မြန်မာဘုရားစေတီများအနီး စိုက်ထူ ထားသော တံခွန်တိုင်များအကြောင်း အစုံအစမ်း ရောက်လာရာ နေ့စဉ် တွေ့မြင်နေ သော အရာဖြစ်သော်လည်း အကယ်ဆိုသော် တိတိကျကျ မိမိရရ ဘာတစ်ခုမျှ မသိကြရသည်ကို တွေ့ရလေသည်။ ထိုအခါတွင်လည်း အထက်ပါ စာအုပ်မျိုး တစ်အုပ်လောက် ရှိပါမူကား ကောင်းလေစွဟု ထပ်မံ တောင့်တမိလေသည်။

ယင်းသည့်နောက် မကြာမီပင် ရန်ကုန်မြို့၊ ၃၆ လမ်းထိပ်၊ အိုလင်ပီယာ ရုပ်ရှင်ရုံဘေးတွင် ကပ်၍ ရောင်းနေသော စာအုပ်အဟောင်းဆိုင်ကလေးတွင် 'သုံးပုံ တံချူကျမ်းနှင့် သုံးပုံအိတ်ထောင့်ကျမ်း နှစ်စောင်တွဲ' အမည်ဖြင့် စာအုပ်ဟောင်း ကလေး တစ်အုပ်ကို တွေ့မိရာ စာအုပ်အမည် ထူးဆန်းသဖြင့် ကောက်၍ ကြည့်မိ လေသည်။ ထိုစာအုပ်ကလေးကို ၁၂၆၆ ခုနှစ်တွင် ရန်ကုန်မြို့ ဇမ္ဗူကြက်သရေ စာပုံနှိပ်တိုက်က ပုံနှိပ်ထုတ်ဝေကြောင်း မျက်နှာဖုံးတွင် တွေ့ရသည်။ အတွင်းဘက် သို့ လှန်ကြည့်ရာ စာမျက်နှာ ၄၈ တွင် 'တံခွန်တိုင်' ဟု စာရွက်နှုတ်ခမ်း မာဂျင်တွင် ခဲတံနှင့် တို့ထားသော စာကလေးကို မြင်ရ၍ ဖတ်ကြည့်ရာ ကျွန်တော်တို့ ခက်ခဲစွာ ရှာဖွေနေသော တံခွန်တိုင်အကြောင်းကို တွေ့ရသဖြင့် ကျွန်တော့်မှာ အတိုင်းမသိ ဝမ်းမြောက်သွားလေသည်။

mgyoe.com

mgyoe.com

သို့နှင့် ထိုစာအုပ်ဟောင်းကလေးကို ဝယ်ယူခဲ့၍ ထိုညပင် တစ်မျက်နှာပြီး တစ်မျက်နှာ လှန်လှောကြည့်ရာ တစ်မျက်နှာထက် တစ်မျက်နှာ အံ့ဩဖွယ်ရာ ကျွန်တော်တို့ တောင့်တနေသော ဗဟုသုတများကို တွေ့သဖြင့် ငါ၏ဆုတောင်း ပြည့်ဝပြီဟု လက်ပန်းပေါင်း ခတ်လိုက်လေသည်။

ထိုနေ့မှစ၍ ထိုစာအုပ်ကလေးသည် ကျွန်တော်၏ လက်စွဲဖြစ်လာလေသည်။ မြန်မာယဉ်ကျေးမှု ဗဟုသုတအတွက် ကျွန်တော် လိုခါလိုခါ လွယ်လင့်တကူ ထုတ်ယူသုံးစွာသော ဗဟုသုတဘဏ်တိုက် ဖြစ်နေပေသည်။ စာအုပ်ကလေးမှာ စာမျက်နှာပေါင်း ၁၂၀ မျှသာ ရှိသော်လည်း အတွင်း၌မူကား ကျမ်းကြီး ကျမ်းငယ် အသွယ်သွယ်တို့မှ လောကီလောကုတ္တရာ လိုအပ်ရာရာ ဗဟုသုတ များစွာတို့ကို ကောက်နုတ်၍ လွယ်လင့်တကူရအောင် ထည့်သွင်းထားပေသည်။ ဤစာအုပ်ကလေးသည် ကျွန်တော့်အဖို့ အဖိုးမဖြတ်နိုင်အောင် ဖြစ်ပေသည်။ ကျွန်တော်သာ မဟုတ်၊ ကျွန်တော်နှင့် အကျွမ်းဝင်သော သူတေသီတို့အားလည်း ဤစာအုပ်ကလေးသည် အတိုင်းမသိ အကျိုးပြုခဲ့ပေသည်။ ကျွန်တော်တို့မှာ ပါဠိ ကျမ်းဂန်များကို လေ့လာခွင့် မရခဲ့သော်လည်း ထိုစာအုပ်ကလေးက ကျွန်တော်တို့အား ကယ်ဆယ်ခဲ့ပေသည်။

ဤစာအုပ်ကလေးသည် မြန်မာစာပေနှင့် မြန်မာ့ယဉ်ကျေးမှုကို မြတ်နိုးသူတိုင်း၏ လက်တွင် ရှိသင့်၏။ သို့သော် လွန်ခဲ့သည့် နှစ်ပေါင်း ၅၀ ကျော်က တစ်ကြိမ် ရိုက်နှိပ်ပြီးနောက် နောက်ထပ် ပုံနှိပ်ထုတ်ဝေခြင်း မရှိသဖြင့် လူတိုင်း ဖတ်ရှုလေ့လာခွင့် မရခဲ့ကြချေ။ ယခုမူကား ဟံသာဝတီ ပိဋကတ် ပုံနှိပ်တိုက်ကြီးက မူသစ်မူကောင်းဖြစ်အောင် ကြိုးပမ်းပြုပြင် ပုံနှိပ်ထုတ်ဝေလိုက်သောကြောင့် နှံ့တွင် နှစ်မြုပ်ပျောက်ကွယ်နေခဲ့သော ပတ္တမြားတစ်လုံး ပြန်လည်ပေါ်ပေါက်လျက် လူအများလက်သို့ ရောက်ပေတော့မည်ဟု အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါကြောင်း။

ဇေယျ

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# ကျမ်းပြုဆရာတော်၏ အတ္ထုပ္ပတ္တိချုပ်
# နှင့်
# သဘာဝနိဒါန်း

## ဤကျမ်းစာမူကို သိမ်းဆည်းထားပုံ

လွန်ခဲ့သော နှစ်ပေါင်း ၁၂၈ (တစ်ရာနှစ်ဆယ့်ရှစ်) နှစ်လောက်တွင် မြန်မာနိုင်ငံတော်၌ သုံးပုံတံချူနှင့် သုံးပုံအိတ်ထောင့်ကျမ်း ဟူသော အမည်ဖြင့် ကျမ်းစာတစ်စောင်ပေါ်ခဲ့ဖူးလေသည်။ ထိုကျမ်းသည် ပေပေါ်၊ ပုရပိုက်ပေါ်မှာပင် နှစ်ပေါင်း ၇၅ (ခုနစ်ဆယ့်ငါး) နှစ်ပတ်လုံး တည်နေရပြီးနောက် ပုံနှိပ်စက်များ ထွန်းကားစပြုသော ၁၂၆၆ ခုနှစ်ကျမှ ပုံနှိပ်စာအုပ်အဖြစ်သို့ ရောက်ရလေသည်။ ယခုသော် နှစ်ပေါင်း ၁၂၈ နှစ်မျှ ကြာရှိလေပြီ။

ပိဋကတ်သုံးပုံလာ မှတ်ဖွယ်ရာ ကောင်းလှသော အချက်စုတို့ကို အလွယ်တကူ ကြည့်ရှုမှတ်သားနိုင်ကြရန် ရည်သန်တော်မူကာ ဤကျမ်းစာကို ရေးသားတော်မူခဲ့ခြင်း ဖြစ်သည်ဟု မှတ်ယူသင့်ပေသည်။ သို့ရာတွင် စာအုပ်က ရှေးကျ၊ မင်ကျ မင်နနှင့် အထားအသိုကလည်း ခေတ်မဆန်၊ မြန်မာဘာသာကလည်း တန်ခိုးမိုန်ဆဲ၊ ဤသို့သော အကြောင်းများကြောင့် တစ်ကြိမ်မျှသာ ရိုက်နှိပ်ပြီးနောက်ထပ်၍ မပေါ်လာတော့ဘဲ ရှိသမျှ (ထွက်သမျှ) စာအုပ်များသာလျှင် စာအုပ်ကို ခင်မင်သူတို့၏ လက်ထဲတွင် ကတ်ကတ်သတ်သတ် (ဆေးဖော်ဝါးဖက်) ကျန်ရစ်

mgyoe.com

mgyoe.com

ရသည့် အနေမျိုးကို ရောက်ခဲ့ရလေသည်။

ဤ အတ္ထုပ္ပတ္တိနိဒါန်းကို ရေးသူကိုယ်တိုင် ဓနုဖြူမြို့၊ ဂန္ဓာရုံတိုက်၊ ကျေးဇူးရှင် ဦးလေးတော် ဂန္ဓာရုံ ဆရာတော်၏ ထံပါးတွင် ရှင်သာမဏေဘဝဖြင့် ပညာသင်ကြားနေစဉ် ၁၂၇၅ ခုနှစ်လောက်ကပင် ဤသုံးပုံတံချူနှင့် သုံးပုံအိတ်ထောင့် ကျမ်း စာအုပ်တစ်အုပ်ကို ဆရာတော်ဘုရား၏ စာတိုက်ဗီရိုအတွင်းရှိ စာအုပ်များကို မွှေနှောက်ရှာဖွေရာမှ ရုတ်တရက် တွေ့ရှိသဖြင့် စာအုပ်အမည်ကလည်း ခပ်ဆန်းဆန်း ဖြစ်သောကြောင့် အပျင်းပြေ ဖတ်ကြည့်ရင်းက တစ်စတစ်စ စွဲပြီး လျှင် အမြဲသိမ်းထားခဲ့သော (စောင့်ရှောက်လာခဲ့သော) အမွေရ ပစ္စည်းဟောင်း တစ်ခု ဖြစ်လေသည်။

## ကျမ်းအမည်နှင့် ရည်ရွယ်ချက်

ဤ ကျမ်းစာ၏ အမည်မှာ ဆန်းကြယ်သော အလျောက် ဆိုလိုသော အဓိပ္ပာယ်ကို ကောက်ယူရာ၌လည်း လေးနက်လှပေသည်။ ဥပမာအားဖြင့် ပိဋကတ်သုံးပုံတည်းဟူသော သစ်ပင်ကြီး သုံးပင်သည် လူသာမန်တို့ တက်ရောက်နိုင်ခဲသော သစ်ပင်ကြီးများ ဖြစ်သည်။ ကျမ်းပြုဆရာတော်သည် ထိုသစ်ပင်ကြီး သုံးပင်မှ ချို့မြိန်သော အပွင့်အသီးများကို ဉာဏ်တည်းဟူသော တံချူ (ဆွတ်ချူသော တုတ်တံ) ဖြင့် ဆွတ်ယူစားသုံးစေခဲ့ပေပြီ။ ထိုမှတစ်ဖန် ဆွတ်ချူပေးရုံမျှနှင့် အားရကျေနပ်တော်မမူသေးဘဲ ဆွတ်ချူပြီး အပွင့်၊ အသီးများကိုလည်း 'သပိတ်ဝင် အိတ်ဝင်' ဟူသကဲ့သို့ ကျမ်းစာတည်းဟူသော အိတ်ထောင်ကြီး တစ်လုံးတွင် ထည့်သွင်းပေးအပ်ခဲ့ပြန်သည်။ ထို့ကြောင့်လည်း ဤကျမ်းစာတည်းဟူသော လွယ်အိတ်တွင် သစ်ပင်ကြီး သုံးပင်မှ လိုချင်သော အပွင့်၊ အသီးကို တစ်ထိုင်တည်းနှင့် ခံစားနိုင်ကြလေသည်။ အကြောင်းအမျိုးမျိုးကြောင့် ပိဋကတ်သုံးပုံကို မကြည့်ရှုနိုင်စေကာမူ 'နောက်ဆုံးပိတ် အိတ်နှင့်လွယ်' ဟူသကဲ့သို့ ဤကျမ်းစာ တစ်စောင်တည်း လွယ်ထားရုံနှင့်ပင် ရသာစုံ ခံစားနိုင်ပေသည်။

mgyoe.com

mgyoe.com



## ဓမ္မရသာ စာပေမြိုက်ရည်

'သဗ္ဗရသံ ဓမ္မရသော ဇိနာတိ' (အရသာများစွာတွင် ဓမ္မရသာ စာပေမြိုက်ရည်သည် အချိန်မြိန်ဆုံး အရသာအရှိဆုံး) ဟု ဟောတော်မူသည့်အတိုင်း တရားဓမ္မ အရသာမျိုးစုံပေါင်း စုထားသော ဤကျမ်းစာသည် ပို၍ပင် ဓမ္မအရာသာ ဩဇာ ပြည့်စုံကုံလှာဘိသည်။ အထူးသဖြင့် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဘုရားအနီး၌ ခြင်္သေ့ရုပ်လုံးများ ထားရှိရကြောင်း၊ တံခွန်တိုင်၌ သိကြားရုပ်စသည် ထားရှိရကြောင်းများကို ဤကျမ်းမှတစ်ပါး အခြားကျမ်းစာများ၌ မတွေ့မိသေးပေ။ ဤသို့ စသည်ဖြင့် 'ကုသိုလ်လည်းရ ဗဟုသုတလည်းဖြစ်' စေသည့် ဓမ္မအရသာမျိုးကို နှိုက်ချွတ် စူးစမ်းထားသည်မှာလည်း ဤကျမ်းစာ၏ ထူးခြားသော သွင်ပြင်တစ်ခုပင် ဖြစ်ပေတော့သည်။

## ကျမ်းပြုဆရာတော်

ဤသို့သော ကျမ်းကို ရေးသားစီရင်တော်မူသော ဆရာတော်ဘုရားကား ရာဇဂုရု ဘွဲ့တံဆိပ်တော်ရ 'မုန်တိုင်ပင် ဆရာတော်' ဟု ထင်ရှားကျော်စောသော ဆရာတစ်ဆူ ဖြစ်တော်မူသည်။ ဆရာတော်သည် ကောဇာသက္ကရာဇ် ၁၁၀၂ (တစ်ထောင့်တစ်ရာ့နှစ်) ခုဖွား၊ နံတော် ဗုဒ္ဓဟူးသား ဖြစ်တော်မူသည်။ ကုန်းဘောင်ဆက် အမရပူရမြို့တည် နန်းတည် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင် ဘိုးတော်မင်းတရားကြီး လက်ထက်တွင် မင်းတရားကြီး၏ သားတော် အိမ်ရှေ့မင်းကြီးက ကိုးကွယ်၍ မင်းတရားကြီး ကိုယ်တော်တိုင်...

'ဝံသာဘိလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု' ဘွဲ့တံဆိပ်တော်နှင့် 'ဝံသာဘိလင်္ကာရ ဓဇမဟာဓမ္မရာဇဂုရု' ဘွဲ့တံဆိပ်တော် နှစ်မျိုးဖြင့် ပူဇော် ဆက်ကပ်ခြင်းကို ခံယူရရှိတော်မူသည်။ ထိုအကြောင်းကို ကိုယ်တော်တိုင် စီရင်တော်မူခဲ့သော ဤကျမ်း၏ နိဂုံးတွင်...

"ဝံသာဘိလင်္ကာရ၊ ခေါ်ထွင်ထ၊ ဓဇပုဒ်အလယ်"

"မဟာဓမ္မ၊ ရာဇဂုရု၊ သမာသ်စု၊ တွဲမှုနောက်ပုဒ်ဝယ်"

"ဆဒ္ဒန်သခင်၊ ဘုရင်မင်းမြတ်၊ ပေးတုံလတ်၊ ပညတ်မင်္ဂလာ" ဟူ၍လည်းကောင်း၊

mgyoe.com

mgyoe.com


"ရွှေမင်းမြို့မြောက်၊ ခြောက်ဆယ့်ရှစ်ရွာ၊ ဂဏာစရိယ၊ ခေါ်ဝေါ်ကြ၊ တွင် ထမြတ်ပညာ"

"တံဆိပ်နှစ်ထပ်၊ တော်နှစ်ထပ်၊ နှစ်ရပ်ဘွဲ့သညာ" ဟူ၍လည်းကောင်း၊

ကိုယ်တော်တိုင် ရေးသားတော်မူခဲ့လေသည်။ အမရပူရမြို့တော်၌ သီတင်းသုံးစဉ်အခါ သားတော် အိမ်ရှေ့မင်းကြီးက အဝမြို့ အရှေ့တောင်ထောင့်အရပ်တွင် 'မဟာမင်္ဂလာ ရွှေဘုံ မိုးထိကျောင်း' ဟူသော အမည်ဖြင့် ကျောင်းကြီး တစ်ဆောင် ဆောက်လုပ်လှူဒါန်း ကိုးကွယ်တော်မူသည်။ ၁၁၈၆ ခု တန်ဆောင်မုန်းလဆောက် တွင် နေပြည်တော်၊ အမရပူရမှ ကျေးလက်ဖြစ်သော ဒီပဲရင်း*မြို့ မြောက်လက် မုန်တိုင်ပင်ရွာကျောင်းသို့ ပြောင်းရွှေ့သီတင်းသုံးကာ တပည့်တပန်း ရဟန်းသံဃာ တို့အား စာပေပို့ချတော်မူသည်ဟု ယူဆရန် ရှိလေသည်။ အကြောင်းကား ဤကျမ်း ၏ နိဂုံးတွင်ပင်...

"ကောဇာသက္ကရာဇ်၊ နှစ်လုံးဇစ်၊ ရှစ်နှင့်ခြောက်ခုဝယ်"

"ဥတုဟေမန္တ၊ ကထိန်လ၊ ချမ်းစထိုခါဝယ်"

"မုန်တိုင်ပင်ဟု၊ ခေါ်တွင်မယွင်း၊ ဂုဏ်သတင်း၊ ပြန့်ခြင်း ပန်းသဖွယ်"

ဟူ၍ စပ်ဆိုတော်မူခဲ့သည်။ ဒီပဲရင်းမြို့ မြောက် ရွာပေါင်း ခြောက်ဆယ့် လေးရွာရှိ ဂိုဏ်းသံဃာတော်တို့၏ ဩဝါဒါစရိယ ဆရာတော်အဖြစ်ဖြင့် သာသနာ ရေးကို ဆောင်ရွက်တော်မူသည်။

မုန်တိုင်ပင်ရွာသို့ ပြောင်းရွှေ့သီတင်းသုံးသဖြင့် မုန်တိုင်ပင်ဆရာတော် ဟု အမည်သစ် တွင်တော်မူသော ဆရာတော်ဘုရားသည် စာသင်သားအဖြစ်ဖြင့် ပညာဆည်းပူးတော်မူစဉ်အခါ အချိန်ကို လစ်လပ်စေခြင်းမရှိဘဲ လယ်စောင့် ယောက်ျားအသွင် သင်ကြား အားထုတ်တော်မူခဲ့ကြောင်းကို ဤကျမ်း၏ နိဂုံးတွင် ပင်...

"ကျွဲကိုလည်းမောင်း၊ ပေါင်းကိုလည်းသင်၊ လယ်စောင့်သွင်၊ သင်အံ့ဆည်း ပူးရာ"

"မေ့မေ့လျော့လျော့၊ ပေါ့တော့တော့၊ ပေါ်ကြော့မနေပါ"

"ငါ၏နည်းတူ၊ ခဲလေမူ၊ လွယ်ကူတတ်လေပါ"

---

* တော + ရေ + ဆိပ် = မြို့ (ကဒူးဘာသာ)

mgyoe.com

mgyoe.com



ဟူ၍ ရေးသားတော်မူခဲ့လေသည်။ ဤကျမ်းလာ နိဂုံးအရ ကောက်ယူပါလျှင် မုန်တိုင်ပင် ဆရာတော်ဘုရားသည် အသက်လွန်မှ ရဟန်းအဖြစ်သို့ ရောက်၍ ရဟန်း လေးဝါအရမှာပင် အဘဖြစ်သူ (ခမည်းတော်) က ကျောင်းဆောက်လှူဒါန်း၍ ကျောင်းကို အလှူခံခဲ့ရကြောင်း ထင်ရှားသည်။ ထို့နောက်မှ ရွှေမြို့တော်သို့ ရောက်၍ မင်းဆရာဖြစ်၊ မင်း၏ ဘွဲ့တံဆိပ်နှင့် အိမ်ရှေ့မင်းကြီး၏ ကျောင်းဆောက်လှူဒါန်းခြင်းကို ခံယူတော်မူသည်။ ရွှေမြို့တော်တွင် မင်းဆရာအဖြစ်ဖြင့် သီတင်းသုံးတော်မူပြီးမှ ပထမသီတင်းသုံးရာ မုန်တိုင်ပင်ရွာသို့ ပြောင်းရွှေ့ သီတင်းသုံးတော်မူသည်ဟု ယူဆရတော့သည်။

## ကျမ်းပြီး သက္ကရာဇ်

ဤသုံးပုံတံချူ–သုံးပုံအိတ်ထောင့်ကျမ်း ရေးသားပြီးစီးသော သက္ကရာဇ်၊ လ၊ ရက်နှင့် ပတ်သက်၍ ကျမ်းပြီး နိဂုံးတွင်...

"သက္ကရာဇ်တစ်ထောင်၊ တစ်ရာဆောင်၊ စွန်းမြောက်ကိုးဆယ့်တစ်ခုမှာ"
"လတပို့တွဲ၊ ထမနဲ့၊ စားမြဲပြည့်ကျော်ခါ"
"တစ်ဆယ့်တစ်ရက်၊ ဝမ်းဖြူကြွက်၊ ထိုရက် နေ့ရာဇာ"
"နာရီသုံးချက်၊ ကျော်ကထွက်၊ တီးလျက် နှစ်မောင်းသာ"
"သူရိယာနေ၊ မြောက်ကျွန်းမြေ၊ ထွက်လေနီးလုခါ"
"အချိန်တွင်သာ၊ ဤသည့်စာ၊ ရေးကာပြီး၏ရှင်"
"သုံးပုံအိတ်ထောင့်၊ ကျမ်းမျိုးစောင့်၊ မနှောင့်မယှက်ပင်"
"ကြည်လင်သဒ္ဒါ၊ ရေးပြီးခါ၊ နောင်လာသူများသင်"

ဟု စပ်ဆိုတော်မူခဲ့သဖြင့် သက္ကရာဇ် ၁၁၉၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် တစ်ဆယ့်တစ်ရက်၊ ကြာသပတေးနေ့ သုံးနာရီ နှစ်မောင်း (နေဝင်ကာနီး) အချိန်တွင် ဤကျမ်းကို ရေးသားစီရင်၍ ပြီးစီးကြောင်း အပြည့်အစုံ ဖော်ပြထားလေသည်။ တောင်ကျွန်း နေဝင်၊ အနောက်ကျွန်း မွန်းတည့်၊ မြောက်ကျွန်း နေထွက်ကာနီး ဟူသော သဘောကိုလည်း ဗဟုသုတအဖြစ် ထည့်သွင်း စပ်ဆိုတော်မူခဲ့သည်။

mgyoe.com

mgyoe.com



## ပိဋကတ္တယပါရဂူ ဖြစ်တော်မူခြင်း

ထိုမှတစ်ပါး ကျမ်းပြုဆရာတော် ဘုရားကြီးသည် မင်း၏ ကိုးကွယ်ခြင်းကို ခံယူထိုက်လောက်အောင် ပိဋကတ္တယပါရဂူ ဖြစ်တော်မူသဖြင့် ပရိသတ်အလယ်တွင် ခြသေ့်အသွင် ရဲရင့်ခြင်းနှင့် ပြည့်စုံသော ဘုရားအလောင်းစင်စစ်ဖြစ်၍ အရိမေတ္တယျ ဘုရားရှင်ထံတော်တွင် ဗျာဒိတ်ခံယူမည့်အကြောင်းကို နိဂုံးဆုတောင်း၌...

"ပါဠိတော်ထွက်၊ မတိမ်းပျက်၊ အသက်ကဲ့ပမာ"
"ခြသေ့်သဖွယ်၊ ပွဲအလယ်၊ သပ္ပာယ်ရဲရင့်စွာ"
"နောင်လာငါ့အား၊ ပြည့်စုံငြား၊ မမှားဆက်တိုင်းသာ"
"မေတ္တေးရှင်တော်၊ နောင်ကိုမြော်၊ သံတော်ကျူးရင့်ကာ"
"နောင်ခါ ငါ့တူ၊ သုံးဘုံလူ၊ ဤသူကယ်စိမ့်ငှာ"
"ဗျာဒိတ်စကား၊ မိန့်တော်ကြား၊ ရှစ်ပါးစုံအင်္ဂါ"
"သုံးဘုံဝဋ္ဋ၊ ဝဲဘဝ၊ ပို့ထကျွန်းခေမာ"
"ဗြဟ္မနတ်လူ၊ သုံးဘုံလူ၊ အတူကူးပိမ့်ငှာ"
"ပညာဓိက၊ သမ္ဗုဒ္ဓ၊ ဖြစ်ထနောင်၌သာ"

ဟု ကိုယ်တော်တိုင် စပ်ဆိုတော်မူခဲ့လေသည်။ ဤဆုတောင်းအရဆိုလျှင် ကျမ်းပြုဆရာတော်ကြီးသည် ဘုရားဆုပန် ဘုရားအလောင်း စင်စစ်ဖြစ်ကြောင်း သိနိုင်ပေသည်။

## ယူဆချက်

သက္ကရာဇ် ၁၂၁၃ ခုနှစ်၊ မင်းလှသီရိသီဟသူ ကောက်နုတ် မှတ်သားထားသည့် ဆရာတော်ကြီး အတ္ထုပ္ပတ္တိစာရင်းတွင် ရှာဖွေကြည့်ရှုသောအခါ မုန်တိုင်ပင်ဆရာတော်ဟု မတွေ့ရဘဲ မုန်တောဆရာတော် ဟူ၍သာ တွေ့ရှိရပေသည်။ နံ့တူဘွဲ့တံဆိပ်တူဖြစ်၍ မုန်တိုင်ပင်နှင့် မုန်တော် အခေါ်သာ ခြားနားသည်။ ဤဆရာတော်ပင် ဖြစ်ရမည်ဟု ယူဆမိပါသည်။ (မုန်တိုင်ပင်များများ ပေါက်သောနေရာကို မုန်တောခေါ်ကြောင်းနှင့် ရှေးဦးမြို့သို့ ရောက်ခဲ့စဉ်က သိမှတ်ခဲ့ပါသည်)

ထိုမှတ်တမ်းစာရင်းအရ ဆိုလျှင် ဆရာတော်ဘုရားကြီးသည် ၁၁၀၂ ခု

mgyoe.com

mgyoe.com


ဖွား၊ နံ့တော် ဗုဒ္ဓဟူးသား၊ ဒီပဲရင်းနယ်၊ မုန်တောရွာ၊ အဘ ဦးဖျော်၏သား ဖြစ်သည်။ အမရပူရမြို့တည် နန်းတည် မင်းလက်ထက်၊ သားတော် အိမ်ရှေ့မင်းက ကိုးကွယ်သည်။ 'ဝိသာဘိလင်္ကာရ မဟာဓမ္မရာဇဓိရာဇဂုရု' အင်းဝမြို့၊ အရှေ့တောင်ထောင့်၊ မဟာမင်္ဂလာ၊ ရွှေဘုံမိုးထိကျောင်းကို တင်လှူတော်မူသည်။ ၁၀ နှစ်သား ကျောင်းထားသည်။ ၁၃ နှစ် ရှင်ပြုသည်။ သာမဏေ ၈ ဝါရတွင် ရဟန်းခံသည်။ (အသက် ၂၁ နှစ်သို့ရောက်မှ ရဟန်းအဖြစ် ခံယူကြောင်း ထင်ရှား၏)

## သက်တော် ဝါတော် စိစစ်သော်

ဤဆရာတော်သည် လွန်ခဲ့သော သုံးဘဝကို ပြန်၍ ပြောပြနိုင်သော ဇာတိဿရဉာဏ်ရ ပုဂ္ဂိုလ်ဖြစ်ကြောင်း မှတ်တမ်းတွင် တွေ့ရ၏။ အမိတစ်ဦးတည်း၏ ဝမ်းသို့ ၃ ကြိမ်တိုင်တိုင် ပြန်၍ ဝင်စားလာခဲ့ရကြောင်း အမတ်ကြီး ဦးပေါ်ဦးအား ပြန်ကြား အမိန့်ရှိထားပုံကိုပါ တွေ့ရ၏။ သူငယ်ဘဝတွင် မိခင် ပခုံးတင် (တဘက်) အဝတ်မှတစ်ပါး အခြားပုဆိုးများကို မဝတ်ခဲ့ဖူးကြောင်း အဆိုရှိသည်။ သက်တော် ၈၂၊ သိက္ခာဝါ ၆၁ တွင် ပျံလွန်တော်မူ၏။

## ကျမ်းမပျောက်အောင် စောင့်ရှောက်အပ်ခြင်း

ဤကဲ့သို့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တစ်ဆူ ဖြစ်တော်မူသော ဆရာတော်ဘုရားကြီး တစ်ပါး၏ ကရုဏာ၊ ပညာစေ့ဆော်ချက်အရ ပိဋကတ် ၃ ပုံမှ လိုရင်းကိုခြုံ၍ နှုတ်ငုံဆောင်နိုင်ဖွယ် ရွေးချယ်ရေးသားတော်မူသဖြင့် ပိဋကတ် ၃ ပုံ မှတ်စုဟုခေါ်ဆိုထိုက်သော ဤ 'သုံးပုံတံချူ သုံးပုံအိတ်ထောင့်' အမည်ရှိသည့် ကျမ်းကားပျောက်ကွယ် တိမ်မြုပ်မသွားအောင် ဟန့်တားကွယ်ကာထိုက်သော ကျမ်းတစ်ကျမ်းပင် ဖြစ်သည်ဟု ယူဆမိပါသည်။

သို့ဖြစ်၍ ဟံသာဝတီ သတင်းစာနှင့် ဗြိတိသျှဘားမား ရုပ်ရှင်ကုမ္ပဏီ ပိုင်ရှင် သမာဓိမြို့ဝန်မင်း ဝဏ္ဏကျော်ထင် ဦးချန်ထွန်းအား ဤကျမ်းစာ ပျောက်ကွယ်တိမ်မြုပ်မသွားအောင် ထပ်မံရိုက်နှိပ်သင့်ကြောင်း (ရိုက်နှိပ်ပါရန်) စာရေးသူကိုယ်တိုင် တိုက်တွန်းရာ သမ္မာဆန္ဒရှိပြီး ဖြစ်သည့်အတိုင်း ရှောရှောရှူရှူပင် သဘောတူ တာဝန်ယူလိုက်ပါသည်။

mgyoe.com

mgyoe.com

## စာမူ သန့်ရှင်းစေရန်

စာအုပ်အသစ် ထပ်မံရိုက်နှိပ်ရာ၌ သန့်ရှင်းပြေပြစ် မှုကောင်းဖြစ်စေခြင်း ၄ာ ရှေးဦးစွာ မန္တလေးမြို့၊ မစိုးရိမ်တိုက်၊ ဓမ္မာစရိယစာချ အရှင်ကောလိနိယနှင့် အတူ စီစဉ်ပါသည်။ ထို့နောက် ပါဠိပါမောက္ခ မဟာပညာဗလ စာပြင်မှူးချုပ် ဆရာညဏ်အား ပိဋကတ်နှင့် ကိုက်နိုင်ရန် တောင်းပန်အပ်နှင်းပါသည်။ ဆရာ ညဏ်ကလည်း ဟံသာဝတီတိုက်ရှင် စာပြင်ဆရာတို့က ပြင်ဆင်ပြီးနောက် အဆုံး သတ် ရိုက်မိန့်ပေးနိုင်သည့်အထိ ကူညီပါသည်။ သို့အတွက် မစိုးရိမ်စာချ အရှင် ကောလိနိယနှင့် ပါဠိပါမောက္ခ မဟာပညာဗလ စာပြင်မှူးချုပ် ဆရာညဏ်တို့ အား အထူးကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

## တောင်းပန်ချက်

လက်ရှိမူရင်းစာအုပ်မှာ လွန်ခဲ့သော နှစ်ပေါင်း ၅ နှစ်က ဖြစ်သလို ရိုက်နှိပ် ထားသဖြင့် အလွန်ဆွေးမြေ့နေသော စက္ကူပေါ်တွင် မထင်ရှား မပြတ်သား သတ်ပုံ သတ်ညွှန်းမမှန် ကာရန်ပျက်အမျိုးမျိုး ဖြစ်နေသည်များကို စဉ်းစဉ်းစားစား ပြင်ဆင် ပြုပြင်ရသဖြင့် အချို့အချက်များ ချွတ်ယွင်းကောင်း ချွတ်ယွင်းနေပါလိမ့်မည်။ ဤသို့သော အချက်များ တွေ့ရှိပါက မူကောင်းမူသန့် ရရှိရေးအတွက် အကြောင်း ပြ ရေးသားကူညီကြပါလျှင် ဝမ်းမြောက်စွာ မှတ်သားနာယူမည်ဖြစ်ပါသည်။

၁၃၂၀ ပြည့်နှစ်၊
တပေါင်းလ

ဦးဘသန်း (ဝဏ္ဏကျော်ထင်)
ဒုတိယစာပြင်မှူးချုပ်
နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့

mgyoe.com

mgyoe.com

# မာတိကာ

## သုံးပုံတစ်ချုပ်ကျမ်း


| | | |
|---|---|---|
| ၁။ | ရှိခိုးခြင်းပဏာမ | ၃ |
| ၂။ | တိုက်တွန်းခြင်းဥယျောဇဉ် | ၃ |
| ၃။ | ရှိခိုးရာ၌ ထိခြင်း ၅ ပါး | ၄ |
| ၄။ | အဝန္ဒနီယ ပုဂ္ဂိုလ် ၂၅ ပါး | ၆ |
| ၅။ | ဝန္ဒနီယ ပုဂ္ဂိုလ် ၅ ပါး | ၆ |
| ၆။ | တပည့်ကျင့်ဝတ် ၅ ပါး | ၆ |
| ၇။ | ဆရာ့ကျင့်ဝတ် ၅ ပါး | ၇ |
| ၈။ | သားသမီးကျင့်ဝတ် ၅ ပါး | ၇ |
| ၉။ | မိဘကျင့်ဝတ် ၅ ပါး | ၇ |
| ၁၀။ | လင့်ကျင့်ဝတ် ၅ ပါး | ၇ |
| ၁၁။ | မယားကျင့်ဝတ် ၅ ပါး | ၈ |
| ၁၂။ | အဆွေခင်ပွန်း၌ ကျင့်ရာသောဝတ် ၅ ပါး | ၈ |
| ၁၃။ | သခင် ကျင့်ဝတ် ၅ ပါး | ၈ |
| ၁၄။ | ကျွန် ကျင့်ဝတ် ၅ ပါး | ၈ |
| ၁၅။ | ဒကာ ကျင့်ဝတ် ၅ ပါး | ၉ |
| ၁၆။ | ဆရာ ကျင့်ဝတ် ၅ ပါး | ၉ |


mgyoe.com

mgyoe.com


၁၇။ ရှိခိုးအပ်သော အရပ် ၆ ပါး ၉
၁၈။ ပျင်းရိခြင်း ၆ ပါး ၁၀
၁၉။ ဂတိ ၄ ပါး၊ အဂတိ ၄ ပါး ၁၀
၂၀။ စီးပွားပျက်ကြောင်း ၆ ပါး ၁၀
၂၁။ သုရာ ၅ ပါး ၁၀
၂၂။ မေရယ ၅ ပါး ၁၁
၂၃။ သုရာ မေရယ အထူး ၁၁
၂၄။ သေရည် သောက်ပြစ် ၆ ပါး ၁၁
၂၅။ ပွဲသဘင်ကြည့် အပြစ် ၆ ပါး ၁၂
၂၆။ အန်ကစားခြင်း ၆ ပါး ၁၂
၂၇။ ခင်ပွန်းယုတ်ပေါင်းဖော်ပြစ် ၆ ပါး ၁၂
၂၈။ အချိန်မဲ့သွားလာပြစ် ၆ ပါး ၁၃
၂၉။ ခင်ပွန်းတုအကျဉ်း ၄ ပါး ၁၃
၃၀။ ခင်ပွန်းတုအကျယ် ၁၆ ပါး ၁၃
၃၁။ ခင်ပွန်းစစ်အကျဉ်း ၄ ပါး ၁၄
၃၂။ ခင်ပွန်းစစ်အကျယ် ၁၆ ပါး ၁၄
၃၃။ ဂိဟိဝိနယ ခေါ်ဆိုခြင်း ၁၅
၃၄။ ကာမေသုမိစ္ဆာစာရ ၄ ပါး ၁၆
၃၅။ ငရဲကြီး ၈ ထပ် ၁၆
၃၆။ ဉဿဒငရဲငယ် ၁၂၈ ခု ၁၆
၃၇။ ငရဲအိုးအလုံး ၄၀ ၁၇
၃၈။ ပြိတ္တာမျိုး ၁၂ ပါး ၁၇
၃၉။ နေမိ ငရဲခန်းလာ မှတ်ဖွယ် ၁၈
၄၀။ နေမိ နတ်ပြည်ခန်းလာ မှတ်ဖွယ် ၁၉
၄၁။ ကာမေသုမိစ္ဆာစာရအပြစ် ၁၉
၄၂။ ဘုရားဥစ္စာဖျက်ဆီးခြင်းအပြစ် ၂၀
၄၃။ ငရဲကျဖွယ် ၂၁ ပါး ၂၀

mgyoe.com

mgyoe.com



၄၄။ သံဝေဂဖြစ်ဖွယ် သတိပေးချက် ၂၁
၄၅။ မိစ္ဆာဒိဋ္ဌိအပြစ် ၂၁
၄၆။ သားငယ်စွန့်ပစ်ဝိပါတ် ၇ ပါး ၂၁
၄၇။ သရဏဂုံ ၄ ပါး ၂၁
၄၈။ သရဏဂုံအကျိုး ၁၀ ပါး ၂၂
၄၉။ သရဏဂုံ၊ ပဥ္စသီလအကျိုး ၂၂
၅၀။ ဥပုသ်အပြား ၃ ပါး ၂၂
၅၁။ ဥပုသ်စောင့်ခြင်းအကျိုး ၂၂
၅၂။ ဥပုသ်သည် နှလုံးထားဖွယ် ၂၃
၅၃။ သီလကျိုးပေါက် ပြောက်ကျားပုံ ၂၃
၅၄။ သပ္ပုရိသဒါန ၅ ပါး ၂၃
၅၅။ ကာလဒါန ၅ ပါး ၂၄
၅၆။ ကောက်ဦးလှူခြင်း ၉ ပါး ၂၄
၅၇။ ကောက်ဦးလှူကျိုး ၈ ပါး ၂၄
၅၈။ ဘောဇဉ် ၅ ပါး ၂၅
၅၉။ ဆွမ်းလှူကျိုး ၅ ပါး ၂၅
၆၀။ ဆွမ်းအဖျော်လှူကျိုး ၁၀ ပါး ၂၅
၆၁။ ယာဂုလှူကျိုး ၁၀ ပါး ၂၅
၆၂။ ရေလှူကျိုး ၇ ပါး ၂၆
၆၃။ ထာဝရဒါန ၆ ပါး ၂၇
၆၄။ အဆင်းလှကြောင်း ၄ ပါး ၂၇
၆၅။ အမွှေးနံ့သာလှူကျိုး ၁၀ ပါး ၂၇
၆၆။ သင်္ကန်းလှူကျိုး ၈ ပါး ၂၈
၆၇။ သပိတ်လှူကျိုး ၁၀ ပါး ၂၈
၆၈။ ယပ်လှူကျိုး ၈ ပါး ၂၈
၆၉။ ရေစစ်လှူကျိုး ၅ ပါး ၂၈
၇၀။ ခါးပန်းလှူကျိုး ၅ ပါး ၂၉


mgyoe.com

mgyoe.com



၇၁။ သပိတ်ခြေလျှုကျိုး ၅ ပါး ၂၉
၇၂။ အိုးခွက်လှူကျိုး ၃ ပါး ၂၉
၇၃။ လက်သုတ်ပဝါလှူကျိုး ၅ ပါး ၃၀
၇၄။ ဖိနပ်လှူကျိုး ၃ ပါး ၃၀
၇၅။ ရေသနုပ်၊ ခြေသုတ်လှူကျိုး ၅ ပါး ၃၀
၇၆။ မီးလှူကျိုး ၃ ပါး ၃၀
၇၇။ နှာနှတ်လှူကျိုး ၈ ပါး ၃၁
၇၈။ အင်းပျဉ်လှူကျိုး ၅ ပါး ၃၁
၇၉။ စားငယ်လှူကျိုး ၅ ပါး ၃၁
၈၀။ သံကောက်နှင့် သံကောက်အိမ်လှူကျိုး ၃၁
၈၁။ ခေါင်းအုံးလှူကျိုး ၆ ပါး ၃၂
၈၂။ တောင်ဝှေးလှူကျိုး ၆ ပါး ၃၂
၈၃။ ထီးလှူကျိုး ၈ ပါး ၃၂
၈၄။ တံမြက်လှည်းကျိုး ၅ ပါး ၃၂
၈၅။ သိကြားဖြစ်ကြောင်း ၇ ပါး ၃၃
၈၆။ အပ်လှူကျိုး ၅ ပါး ၃၃
၈၇။ အပ်ချည်လှူကျိုး ၃ ပါး ၃၃
၈၈။ ဒန်ပူစားခြင်း၊ မစားခြင်း အကျိုးအပြစ် ၅ ပါး ၃၃
၈၉။ ဒန်ပူလှူကျိုး ၅ ပါး ၃၄
၉၀။ ကြံလှူကျိုး ပုံသက်သေ ၃၄
၉၁။ ပန်းလှူကျိုး မှတ်ဖွယ် ၃၄
၉၂။ လောဘနိုင်ငံသို့ မလိုက်သင့်ကြောင်း ၃၄
၉၃။ လူတို့အသက်တို၍ သတိပြုသင့်ကြောင်း ၃၅
၉၄။ ကာမဂုဏ်ငါးပါး မလိုက်စားသင့်ကြောင်း ၃၅
၉၅။ ရှောင်ရှားအပ်သော မီး ၄ ပါး ၃၅
၉၆။ ကုသိုလ်ကို ဆည်းပူးသင့်ကြောင်း ၃၆
၉၇။ မလှူအပ်သော ဝတ္ထု ၅ ပါး ၃၆


mgyoe.com

mgyoe.com



၉၈။ အစမ္မဒါန စသည် မှတ်ဖွယ် ၃၆
၉၉။ ခိုးခြင်း ၂၅ ပါး ၃၆
၁၀၀။ ဆေးလှူကျိုး ၁၀ ပါး ၃၇
၁၀၁။ အသံအလှူမြည်ပုံ ၃၇
၁၀၂။ အသံလှူကျိုး မှတ်ဖွယ် ၃၈
၁၀၃။ အသံလှူရာ၌ အကျိုးခံစားရပုံ ၃၈
၁၀၄။ နတ်ပြည်ရောက်ကြောင်း တရား ၃ ပါး ၃၉
၁၀၅။ အရှင်အာနန္ဒာရသည့် ဧတဒဂ် ၅ ပါး ၃၉
၁၀၆။ အရှင်အာနန္ဒာယူသည့်ဆု ၈ ပါး ၄၀
၁၀၇။ သာစုခေါ်ရာ နှလုံးထားဖွယ် ၄၀
၁၀၈။ စားသမျှအစာ ၅ စု ဖြစ်ပုံ ၄၁
၁၀၉။ သတိသမ္ပဇဉ်ယှဉ်၍ အိပ်ခြင်း အကျိုး ၅ ပါး ၄၁
၁၁၀။ ကမ္မဋ္ဌာန ယောဂီတို့ အိပ်ပုံ ၄၁
၁၁၁။ မပြစ်မှားအပ်သည်၌ ပြစ်မှားခြင်း အပြစ် ၁၀ ပါး ၄၂
၁၁၂။ အသက်တစ်ရာကျော် ပုဂ္ဂိုလ်များ ၄၂
၁၁၃။ ပုဗ္ဗေနိဝါသဉာဏ် အပိုင်းအခြား ၆ ပါး ၄၃
၁၁၄။ မစားအပ်သော ဆွမ်း ၆ ပါး ၄၃
၁၁၅။ ယူဇနာတော အပြား ၃ ပါး ၄၃
၁၁၆။ ဝါဟ အဆုံးအဖြတ် ၄၄
၁၁၇။ မဟာမြတ်မုနိ သွန်းခြင်း ၄၄
၁၁၈။ စုတင်အပြား ၄၅
၁၁၉။ အမြတ်ဆုံး စုတင် ၄၅
၁၂၀။ ကူးတို့ပို့ခြင်း အကျိုး ၄၅
၁၂၁။ ၅၂၈ သွယ် မေတ္တာပွားပုံ ၄၆
၁၂၂။ မေတ္တာပွားကျိုး ၁၁ ပါး ၄၇
၁၂၃။ ဇနကမင်း ဖော်သော ရွှေအိုးကြီး ၁၆ လုံး ၄၇
၁၂၄။ ဇနကမင်း တောထွက်တွေ့စဉ် ၄၇


mgyoe.com

mgyoe.com



၁၂၅။ ယောကျ်ားယုတ် အပြစ် ၁၈ ပါး ၄၈

၁၂၆။ ဝေဿန္တရာမင်း ဆင်ဖြူတော်လှူပုံ ၄၈

၁၂၇။ ဖုဿတီ မိဖုရားဆု ၈ ပါး ၄၈

၁၂၈။ ဖွားဖက်တော် ၇ ပါး ၄၉

၁၂၉။ သာဓုနရ တရား ၄ ပါး ၄၉

၁၃၀။ မဟောသဓာ အလိုစမ်းပုံ ၁၉ ပါး ၅၀

၁၃၁။ ဝေဿန္တရာမင်းယူ ဆု ၈ ပါး ၅၀

၁၃၂။ စကားကြီး ၁၀ ပါး ၅၀

၁၃၃။ ဗျာဒိတ်ခံဘဝ ၂၄ ပါး ၅၁

၁၃၄။ ခန္ဓကဝတ် ၁၄ ပါး ၅၁

၁၃၅။ သီလမရှိသော ရဟန်းအပြစ်များကြောင်း ၅၁

၁၃၆။ ရွှေဖြစ်ရာနှင့် ရွှေအပြား ၅၂

၁၃၇။ ရွှေပရိယာယ် ၁၃ ပါး ၅၃

၁၃၈။ ဗျာဒိတ်ခံခြသေ့် ထုလုပ်သင့်ပုံ ၅၃

၁၃၉။ စေတီအနီး ခြသေ့်ရုပ် ထုလုပ်ခြင်းအကြောင်း ၅၄

၁၄၀။ စက္ကသဒ္ဒါအနက် ၁၃ ချက် ၅၅

၁၄၁။ တံခွန်တိုင်၌ ခရုသင်းကိုင် သိကြားရုပ် ၅၅

၁၄၂။ တံခွန်တိုင်၌ ရှိခိုးနေဟန် သိကြားရုပ် ၅၅

၁၄၃။ တံခွန်တိုင်၌ သံချောင်းကိုင် သိကြားရုပ် ၅၆

၁၄၄။ တံခွန်တိုင်၌ စောင်းပိုက်ပဥ္စသီခရုပ် ၅၆

၁၄၅။ တံခွန်တိုင်၌ ဂဠုန် နဂါးရုပ် ၅၇

၁၄၆။ ဂုဏ်လက္ခဏာ ဥပမာ အာဏတ္တိ ၅၉

၁၄၇။ ကျမ်းဆရာ၏ ဆုတောင်း ၅၉

၁၄၈။ ကျမ်းဆရာ၏ ပတ္တိဒါန ၅၉

၁၄၉။ ကျမ်းစာစီရင်သည့် သက္ကရာဇ် ၆၀


mgyoe.com

mgyoe.com


## သုံးပုံအိတ်ထောင့်ကျမ်း


| | | |
|---|---|---|
| ၁။ | ပဏ္ဏာမာဒိပဥ္စက | ၆၃ |
| ၂။ | သတိပေးဆုံးမခန်း | ၆၅ |
| ၃။ | အသက်တစ်ထောင်ရှည်သူ ၄ ရပ် | ၆၆ |
| ၄။ | သုံးကျွန်းသူတို့၏ အသက်တန်း | ၆၆ |
| ၅။ | ကျွန်းလေးကျွန်းပမာဏ | ၆၆ |
| ၆။ | လေးကျွန်းသားတို့ ရာဂနည်းများ | ၆၇ |
| ၇။ | လေးကျွန်းသားတို့သဏ္ဌာန် | ၆၇ |
| ၈။ | သချေ်ာလေးရပ် မှတ်ဖွယ် | ၆၇ |
| ၉။ | သတ္တဝါတို့စရိုက် | ၆၈ |
| ၁၀။ | မန္တာတ်သိကြားအသက်အရပ် | ၆၈ |
| ၁၁။ | ဝိပလ္လာသ ၁၂ ပါး | ၆၈ |
| ၁၂။ | လေးကျွန်းသားတို့၏ အရပ်ပမာဏ | ၆၉ |
| ၁၃။ | ကိုးတိုင်းကိုးဌာန သာသနာပြုလွှတ်ပုံ | ၆၉ |
| ၁၄။ | ရှင်ဗုဒ္ဓဃောတပိဋကတ်ကူးပုံ | ၆၉ |
| ၁၅။ | သာသနာအလွန်အယုတ် | ၇၀ |
| ၁၆။ | သာသနာငါးထောင်မှတ်ဖွယ် | ၇၁ |
| ၁၇။ | သာသနာ ကွယ်ကြောင်း၊ တည်ကြောင်း | ၇၁ |
| ၁၈။ | စန္ဒပဇ္ဇောတမင်းရသော ယာဉ် ၅ ပါး | ၇၂ |
| ၁၉။ | လူ့ဘုံနှင့် ဗြဟ္မာ့ဘုံခြားဟန် | ၇၂ |
| ၂၀။ | ပယ်ဖွဲ့နည်းအပြား | ၇၃ |
| ၂၁။ | ဘုရားလောင်းအမည်မှည့်နေ့ဖြစ်ပုံ | ၇၃ |
| ၂၂။ | ငရဲကြီး ငရဲငယ်အပြား | ၇၄ |
| ၂၃။ | တောင်စဉ် ၇ ထပ် | ၇၄ |
| ၂၄။ | မဟာပဒေသ ၄ ပါး | ၇၅ |
| ၂၅။ | နတ်သက်ရေတွက်ပုံ | ၇၅ |
| ၂၆။ | ဒေဝဒတ်ငရဲခံမှတ်ဖွယ် | ၇၆ |


mgyoe.com

mgyoe.com

၂၇။ တာဝတိံသာနတ်ပြည်မှတ်ဖွယ် ၇၆
၂၈။ နတ်နှင့် အသူရာတို့ စစ်ထိုးကြောင်း ၇၇
၂၉။ ကာမေသုမိစ္ဆာစာရ မိန်းမသရုပ် ၇၇
၃၀။ သူကြွယ်ကြီး ၃ ပါး ၇၈
၃၁။ ဝိပါတ်တော် ၁၂ ပါး ၇၉
၃၂။ သေ ၄ ပါး မှတ်ဖွယ် ၈၁
၃၃။ ရှင် ၄ ပါး မှတ်ဖွယ် ၈၁
၃၄။ မြစ်ကြီး ၅ သွယ် ဖြစ်လာပုံ ၈၂
၃၅။ အိုင်ကြီး ၇ အိုင် ၈၂
၃၆။ ခြင်္သေ့မျိုး ၅ ပါး ၈၃
၃၇။ နေလ ၂ ပါး အသွားခရီး မှတ်ဖွယ် ၈၄
၃၈။ မိုးရွာခြင်းအကြောင်း ၈ ပါး ၈၆
၃၉။ သုဒဿနစကြာမင်းအကြောင်း ၈၇
၄၀။ ဝေလာမပုဏ္ဏားအလှူ ၈၈
၄၁။ မေဏ္ဍကသူဌေး နွားနို့အလှူ ၉၀
၄၂။ ဝိသာခါ နွားနို့အလှူ ၉၀
၄၃။ သုဇာတာ နွားနို့အလှူ ၉၁
၄၄။ သမီးခင်ပွန်း နွားနို့အလှူ ၉၂
၄၅။ နာဂဒတ္တနတ် နွားနို့အလှူ ၉၃
၄၆။ ဒါနပြုသူ ၇ ဦး ပုံသက်သေ ၉၄
၄၇။ ရယ်ခြင်းဟသိတ ၆ ပါး ၉၅
၄၈။ ဓာတ် ၄ ပါး အကျယ်မှတ်ဖွယ် ၉၅
၄၉။ အရိယာပုဂ္ဂိုလ် ၁၀၈ ပါး ၉၆
၅၀။ ကမ္ဘာမီးလောင်ပုံဝါဒပြား ၉၇
၅၁။ အကောက်သုံးပါး မှတ်ဖွယ် ၉၈
၅၂။ မဂဓရာဇ်ကွမ်းစား ၄ မျိုး ၉၉
၅၃။ ပုဂ္ဂိုလ် ၃ ပါး မှတ်ဖွယ် ၉၉
mgyoe.com

mgyoe.com



| | | |
|---|---|---|
| ၅၄။ | ဥပုသ်အပြား ၃ ပါး | ၁၀၀ |
| ၅၅။ | ဥပုသ်နေ့အပြား | ၁၀၀ |
| ၅၆။ | ဥပုသ်စောင့်ခြင်းအကျိုး | ၁၀၁ |
| ၅၇။ | ငရဲကြီး ၈ ထပ် အပိုင်းအခြား | ၁၀၂ |
| ၅၈။ | ငရဲကြီး ငရဲငယ် မှတ်ဖွယ် | ၁၀၂ |
| ၅၉။ | လောကန္တရိတ်ငရဲ | ၁၀၃ |
| ၆၀။ | ယမလောကီ ငရဲလေးဆယ် | ၁၀၃ |
| ၆၁။ | ပြိတ္တာ ၁၂ ပါး | ၁၀၇ |
| ၆၂။ | ဝိနည်းဆိုစရာ မဟာပဒေသ ၄ ပါး | ၁၀၈ |
| ၆၃။ | ဝိနည်းဓိုရ်လက္ခဏာ ၃ ပါး | ၁၀၈ |
| ၆၄။ | ဝိနည်းဓိုရ် ဆုံးဖြတ်ရာ တရား ၆ ပါး | ၁၀၉ |
| ၆၅။ | အဒိန္နာဒါန် ဆုံးဖြတ်ရာ ၅ ပါး | ၁၀၉ |
| ၆၆။ | အဒိန္နာဒါန် အဆုံးအဖြတ် မှတ်ဖွယ် | ၁၀၉ |
| ၆၇။ | ခိုးခြင်း ၂၅ ပါး၊ နာနာဘဏ္ဍကနှင့် ဧကဘဏ္ဍ ပဉ္စက | ၁၁၁ |
| ၆၈။ | သာဟတ္တိကပဉ္စက | ၁၁၂ |
| ၆၉။ | ပုဗ္ဗပယောဂပဉ္စက | ၁၁၂ |
| ၇၀။ | ထေယျာဝဟာရပဉ္စက | ၁၁၂ |
| ၇၁။ | ၂၅ ပါး ခိုးခြင်းအပြစ် | ၁၁၃ |
| ၇၂။ | တစ်နည်း အဒိန္နာဒါန်မှတ်ဖွယ် | ၁၁၃ |
| ၇၃။ | တောင်းအပ် မတောင်းအပ်သော ကပ္ပိယ | ၁၁၅ |
| ၇၄။ | ပထမ အကပ္ပိယသပိတ် | ၁၁၆ |
| ၇၅။ | ဒုတိယ အကပ္ပိယသပိတ် | ၁၁၆ |
| ၇၆။ | တတိယ အကပ္ပိယသပိတ် | ၁၁၇ |
| ၇၇။ | စတုတ္ထ အကပ္ပိယသပိတ် | ၁၁၇ |
| ၇၈။ | အကပ္ပိယသပိတ် ၄ လုံး အဆုံးအဖြတ် | ၁၁၇ |
| ၇၉။ | ကမ္မဝါတွဲနည်း ၃ ပါး | ၁၁၈ |
| ၈၀။ | သံဃိကပုဂ္ဂလိက အဆုံးအဖြတ် | ၁၁၉ |


mgyoe.com

mgyoe.com


၈၁။ ခေါင်းအုံးချုပ်နည်း ၁၁၉

၈၂။ သစ်ပင်စိုက်အပ် မစိုက်အပ် ၁၂၀

၈၃။ ကနုတ်အပြစ် ၆ ပါး ၁၂၁

၈၄။ ရွာဝင်ရာ မှတ်ဖွယ် ၁၂၁

၈၅။ ပဋ္ဌင်းလောင်း မှတ်ဖွယ် ၁၂၁

၈၆။ ဆရာနှင့်ကင်း၍ နေရာ မနေရာ ၁၂၂

၈၇။ ပစ္စည်းလေးပါး၌ ကျင့်ဖွယ် ၁၂၃

၈၈။ ကံလေးပါး ပျက်ကြောင်း ၁၂၃

၈၉။ ကံလေးပါးအကျယ် မှတ်ဖွယ် ၁၂၄

၉၀။ မထအပ်၊ ထအပ် ပုဂ္ဂိုလ်အပြား ၁၂၅

၉၁။ သဗ္ဗ ၄ မျိုး ၁၂၅

၉၂။ နိဿိဒိုင်သက်န်း မှတ်ဖွယ် ၁၂၅

၉၃။ အမာလွှမ်းသက်န်း မှတ်ဖွယ် ၁၂၆

၉၄။ သက်န်းကိုးထည် မှတ်ဖွယ် ၁၂၆

၉၅။ သက်န်းစကားရပ် မှတ်ဖွယ် ၁၂၆

၉၆။ ကျောင်း စသည့် အလှူခံပုံ ၁၂၇

၉၇။ ဓုတင် ၁၃ ပါး မှတ်ဖွယ် ၁၂၇

၉၈။ ကုလဒူသန ၈ ပါး၊ အနေသန ၁၂ ပါး ၁၂၈

၉၉။ ပရိဝါသ် မာနတ် မှတ်ဖွယ် ၁၂၈

၁၀၀။ သိမ်အဆုံးအဖြတ် မှတ်ဖွယ် ၁၃၀

၁၀၁။ ကမ္မဝါဖတ်ထိုက်သောအင်္ဂါ ၁၃၃

၁၀၂။ တောကျောင်းသားတို့ မှတ်ဖွယ် ၁၃၃

၁၀၃။ သင်္ဂြိုဟ်ဝီထိပိုင်း မှတ်ဖွယ် ၁၃၄

၁၀၄။ ဝီထိစိတ် အသက်အပိုင်းအခြား ၁၃၅

၁၀၅။ အတီတဘဝင် ထင်ကြောင်း လွန်ကြောင်း ၁၃၅

၁၀၆။ မဟာကုသိုလ်စိတ်အကျယ် ၁၃၆

၁၀၇။ ရှာန်သုံးပါးပြားကြောင်း ၁၃၇


mgyoe.com

mgyoe.com
၁၀၈။ သတ္တဝါတို့ ကိုယ်ကာယ၌ ရုပ်စု ၁၃၈
၁၀၉။ သတ္တဝါခန္ဓာ၌ ကမ္မဇကလာပ်ကိုးစည်း တည်ဟန် ၁၃၈
၁၁၀။ သတ္တဝါခန္ဓာကိုယ်၌ သမ္ဘာရရုပ် တည်ဟန် ၁၃၈
၁၁၁။ စိတ္တဇရုပ် သုံးထွေဖြစ်ဟန် ၁၃၉
၁၁၂။ အာဟာရရုပ်၌ မှတ်ဖွယ် ၁၃၉
၁၁၃။ အမည်၊ သက္ကရာဇ်၊ ဥယျော‌ဇဉ် ၁၄၀
၁၁၄။ ဆုတောင်း ၁၄၁
၁၁၅။ နိဂုံး ၁၄၅

❑

mgyoe.com

mgyoe.com

# သုံးပုံတစ်ချုပ်ကျမ်း

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

## ရှိခိုးခြင်းပဏာမ

၁။ သုံးပါးရတနာ၊ မြတ်ဆရာကို၊ သဒ္ဒါယိုစီး၊ ရှိခိုးပြီး၍၊ ကျမ်းကြီး အထွက်၊ စကားခက်ကို၊ ဆောင်ရွက်ဘွယ်ရာ၊ ပြည့်ဆွန်းပါသည်၊ မကွာစိတ်ထဲ နှလုံးစွဲ။

## တိုက်တွန်းခြင်း ဥယျောဇဉ်

၂။ အပ္ပမာဒ၊ ဝီရိယနှင့်၊ နေ့ည ချွတ်ယွင်း၊ မေ့လျော့ ပျင်းမှု၊ ထိုးထွင်း ပညာ၊ ဘယ်ရှိပါအံ့၊ ပညာမျက်စိ၊ မြင်မရှိက၊ မသိတရား၊ အကျင့်မှား၍၊ လေးပါး ပါယ်ရွာ၊ ဝင်သုံးမြွာဦ၊ ချာတစုံးစုံး၊ ဝဲထဲတုံးသို့၊ ရှည်ကျုံးကမ္ဘာ၊ မျောလေရာခဲ့၊ သမ္မာဆန္ဒ၊ ဝီရိယကို၊ နေ့ညမြဲစေ၊ လေးထွေအကွရာ၊ မကွာအမြဲ၊ နေ့တိုင်း စွဲလေ၊ ငါးထွေ ပုစ္ဆာ၊ လေးဖြာ ဝိသဇ်၊ အမြဲဖြစ်စေ၊ သုံးထွေ ဓမ္မ၊ လမ်းရိုးကျမှ၊ သုခ သုံးဖြာ၊ ရမည်သာ ဟု၊ နှလုံးပြုလေ၊ သုံးထွေအလောင်း၊ သွားလမ်းကြောင်းကို၊ မစောင်း မတိမ်း၊ မယိမ်းမလွဲ၊ မဖဲမဖဲ့၊ မရွဲ့မဖယ်၊ လိုက်စိမ့်ရှယ်သည်၊ အကျယ်ဆွေးနွေး သိအောင်မေး။
[ဤကား သူခပ်သိမ်းတို့ ကြိုးစားရန် ဥယျောဇဉ် စကားရပ်တည်း]

mgyoe.com

mgyoe.com

## ရှိခိုးရာ၌ ထိခြင်းငါးပါး

၃။ (က) ပဉ္စပတိဋ္ဌိတာ၊ ရှိငါးဖြာကို၊ ကျမ်းလာမယုတ်၊ ဖော်ပြ ထုတ်ပိမ့်၊ လက်အုပ်ချီကာ၊ ပခုံးမှာလျှင်၊ တင်ကာကိုယ်ဝတ်၊ ညွတ်သည့် လက်နှစ်၊ သုံးသပ်လစ်၍၊ ချစ်ခင်မြတ်နိုး၊ ရိုးကျိုးညွတ်တွား၊ ဤငါးပါးဟု၊ ဥပါလိ ပုစ္ဆာ၊ ထို၌လာသည်၊ အင်္ဂါငါးထွေ စုံလှစေ။ [ဤကား ဥပါလိပုစ္ဆာတို့၌ လာသော ထိခြင်းငါးပါးယူနည်း စကားရပ် မှတ်ဖွယ်တည်း။]

(ခ) နယတဖြာ၊ ကျမ်းအလာကား၊ ရပ်ခါ၌တော၊ ရှိခိုးပေမူ၊ ခြေလျှင် နှစ်ဖက်၊ မြေဝယ်ယှက်၍၊ နှစ်ဖက် လက်ဝါး၊ ရှိကြား ယှဉ်ပူး၊ နဖူး ထက်တွင်၊ တင်ပြီးချင်မှ၊ ကြည်လင် ရှေ့ရှု၊ ညွတ်ကာ ပြုလော့၊ နှစ်ခု လက်တွင်၊ ဦးခေါင်းတင်မှ၊ ငါးအင် ဝန္ဒနာ၊ ပြည့်စုံရာသည်။ မကွာမြဲထွေ စွဲကြလေ။ [ဤကား ရပ်လျက် ရှိခိုးရာ၌ ထိခြင်းငါးပါးစကားရပ် မှတ်ဖွယ်တည်း]

---

ဤရှိခိုးခြင်းသည် အလွန်အရေးကြီးပါသည်၊ အရေးကြီးသလောက်ပင် မှန်ကန်သော ရှိခိုးခြင်းဖြင့် ရှိခိုးတတ်သူလည်း ရှားကောင်း ရှားမည်၊ ထို့ကြောင့် မှတ်ချက်ဖြစ်စေကာမူ အနည်းငယ်ချဲ့ထွင်၍ ပြသင့်သည်ဟု ယူဆ,ပြဆိုပါအံ့။

(က) လက်ာပါရှိခိုးခြင်းသည် တောင်ဖီလာဆရာတော် ရေးသားသော ဝိနယာ လင်္ကာရ ဋီကာကျမ်း တွင် လာသည်။ ယင်းဋီကာလည်း ပရိဝါရပါဠိတော် ဥပါလိပုစ္ဆာမှ ယူ၍ ဖွင့်သည်။ သို့သော် ဤရှိခိုးခြင်းသည် ရဟန်းအချင်းချင်း ရှိခိုးရာ၌ ဂါရဝရှိရမည်ကိုသာ အဓိကထား၍ ဟောကြားသည်၊ ဖွင့်ဆိုသည်၊ လူတို့နှင့် ဆိုင်အံ့မထင်။ သက်ဆိုင်သည် ထားဦး၊ ပဉ္စပတိဋ္ဌိတ လက္ခဏာ (တည်ခြင်း ငါးပါး) နှင့် မပြည့်စုံနိုင်ချေ။

(ခ) ဤရှိခိုးနည်းကား (ကျမ်းရင်း မတွေ့သေးပါ) ရပ်လျက် ရှိခိုးပုံကို ပြသည်။ ရှိခိုး ခြင်းကို ကိုယ်၊ နှုတ်၊ စိတ်ဟု (တိကင်္ဂုတ္တရပါဠိတော်၌) သုံးပါးလာသည်။ ကိုယ်ဖြင့် ရှိခိုးခြင်းမှာလည်း (အင္ဂုနာဋ္ဌိယပရိတ်၌ လာသည့်အတိုင်း) လျောင်း၊ ထိုင်၊ ရပ်၊ သွား လေးပါးသော ဣရိယာပုတ်တွင် တစ်ခုခုဖြင့်လည်း ရှိခိုးနိုင်သည်၊ သို့ရာတွင် ထိုင်လျက် ရှိခိုးခြင်း၌သာလျှင် ပဉ္စပတိဋ္ဌိတ ဖြစ်နိုင်သည်။ ထိုင်လျက်ဆိုသော်လည်း ထိုင်ရာမှ မြေ၌ ပျပ်ဝပ်၍ ရှိခိုးခြင်းကို သာ ဆိုလိုသည်။

'ဥပါသိကာ (လ) ဥရေန နိပဇ္ဇိတွာ နမဿမာနာ' ဟူသော (ဝိသုဒ္ဓိမဂ်) ပါဠိကဲ့သို့ မှတ်လေ။

mgyoe.com

mgyoe.com

(ဂ) ထိုင်လျက်တည်ကာ၊ ရှိခိုးရာ၌၊ နှစ်ဖြာစုံလင်၊ ဒူးပုဆစ်ကို၊ ကျစ်လျစ်ညီမျှ၊ မြေ၌ချလော့၊ နှစ်ဝတတောင်ဆစ်၊ မြေသို့နှစ်၍၊ နှစ်ဖက် လက်နေ၊ ဆန့်တုံပေမှ၊ မြေသို့ညီစွာ၊ ကျစေရာ၏၊ အင်္ဂါ တစ်မျိုး၊ လက်ဖမိုး နှစ်ဖက်၊ ထိုအထက်၌၊ တင်လျက် ဦးခေါင်း၊ ထားတုံ ရှောင်း၍၊ ကောင်းကောင်းရှိသေ၊ ရှိခိုးပေက၊ လေးထွေ ပါယ်ရှာ၊ လွတ်ကင်းရာသည်၊ သဒ္ဓါစိတ်နေ ထက်လှစေ။ [ဤကား ထိုင်လျက် ရှိခိုးခြင်း၌ ထိခြင်းငါးပါး စကားရပ် မှတ်ဖွယ်တည်း]

---

(ဂ) ဤရှိခိုးနည်းကား ပဋိသမ္ဘိဒါ ဂဏ္ဌိ၏ အဆိုဖြစ်သည်။ လက်ာ၌ ဦးခေါင်းဟု ဆိုသော်လည်း နဖူးကိုယူ၊ ပဋိသမ္ဘိဒါ ဂဏ္ဌိ၌ 'ပဉ္စပတိဋ္ဌိတေနာတိ ဒွိဇာဏု, ဒွိဟတ္ထ, နလာဋေဟိ ပဉ္စပတိဋ္ဌိတံ ကတွာ' (ပုဆစ်နှစ်ဖက်၊ လက်နှစ်ဖက်၊ နဖူး) ဟု လာသည်။ သီလက္ခန်ဋီကာ၌ကား 'ပါဒ၊ ဇာဏု၊ ကပ္ပရ၊ ဟတ္ထ၊ သီဟသင်္ခါတာနိ ပဉ္စအင်္ဂါနိ သမံကတွာ ဩနာမေတွာ အဘိမုခံ ဋ္ဌိတေန ပဉ္စမံ ဝန္ဒိတွာတိ ဝုတ္တံ ဟောတိ' (ခြေ၊ ပုဆစ်၊ တံတောင်ဆစ်၊ လက်၊ ဦးခေါင်း) ဟု တစ်မျိုးပြသေးသည်။ မသေချာလှ။

အကျယ်ရှင်း၍ မပြ, သာပါ။ အကျဉ်းအားဖြင့် ပဉ္စပတိဋ္ဌိတ ဟူသည်ကို (ထိ) ခြင်း ငါးပါးဟု ဆိုသည်ထက် (တည်) ခြင်း ငါးပါးဟု ဆိုသည်က ပိုကောင်းသည်။ အဘယ်၌ တည်မည်နည်း။ ခြေ, လက်, ဦးခေါင်း ဟူသော ခက်မငါးဖြာတို့ကို မြေ၌တည်ရမည်ဟု မှတ်။ ထို့ကြောင့် 'တေရသကဏ္ဍဋီကာ' (ဘိက္ခုနောဝါဒ) ၌ 'ပဉ္စအင်္ဂါနိ ဘူမိယံ ပတိဋ္ဌာ ပေတွာ' ဟုလည်းကောင်း၊ 'သီလက္ခန္ဓအဋ္ဌကထာ' (အဇာတသတ်အခန်း) ၌ 'ဘူမိယံ ပဉ္စပတိဋ္ဌိတေန ဝန္ဒိတွာပက္ကမိ' ဟုလည်းကောင်း လာသည်။ ဤကိုပင် (ထိ) ခြင်းဟုလည်း ဆိုနိုင်ပါ၏။ သို့သော် (ထိ) ဆိုသော စကားသည် အဆိုပါ ခက်မ, အင်္ဂါတို့၏ အချင်းချင်း ထိခြင်းကို ယူမှားနိုင်၏။ ထို့ကြောင့် (မြေ၌တည်ခြင်း) ဟု ဆိုသည်က ပိုကောင်းသည်။ ဤတည်ခြင်း ငါးပါးကိုလည်း (ပြဆိုပြီးအတိုင်း) မြေပြင်၌ ပျပ်ဝပ်၍ ရှိခိုးရာမှာသာ ရနိုင်သည်။ မြေပြင်၌ ပျပ်ဝပ်၍ ရှိခိုးဦးချသူတိုင်း မိမိ၏ ခြေ (ဒူးဆစ်) နှစ်ဖက်, လက် (တံတောင်) နှစ်ဖက်, ဦးခေါင်းဟု ဆိုသော အင်္ဂါငါးခုစလုံးကို မြေပြင်၌ (တည်) အောင် ရှိခိုးတတ်ရမည်ဟု ဆိုလိုသည်။

ဤ (ဂ) အမှတ်ပြ လင်္ကာအရလည်း ပဉ္စပတိဋ္ဌိတ မဖြစ်နိုင်သေးချေ။ (လက်ဖမိုးနှစ်ခုအပေါ် ဦးခေါင်းတင်ရမည်ဟု လင်္ကာ၌ ဆိုထားသည်ကိုထောက်)

ဤကျမ်းကို မှတ်ချက်ရေးရာ၌ ဤကျမ်း၏ ဝါဒကိုပယ်ဖျက်ရန် မသင့်သည်မှာ မှန်သော်လည်း အကြီးတော် ဦးသံမို စသော ရှေးပညာရှိကြီးများ၏ ဆုံးဖြတ်ချက်အမှန်ကို လူတိုင်းပင် သိရှိရန်လိုအပ်သည်ဟု ယူဆကာ ဤမှတ်ချက်ရှည်ကို ထည့်လိုက်ရပါသည်၊ ပညာဖြင့် ဆင်ခြင်၍ မှန်သည်ကိုသာ လိုက်နာနိုင်ကြပါစေ။

mgyoe.com

mgyoe.com

## အဝန္ဒနီယ ပုဂ္ဂိုလ် ၂၅ ပါး

၄။ (က) အနုပသမ္ပန္န၊ ဥက္ခိတ္တနှင့်၊ ယုတ်သည့်မိန်းမ၊ ငါးဝဂရုကဋ္ဌ၊ နှစ်ရပ် နာနာ၊ တဖြာ နဂ္ဂ၊ ဆယ့်နှစ်ဝကို။ ။ ရှောင်ကြလေမင်း ဝေးဝေး ကွင်း။ ။ [ဤကား ရှိမခိုးအပ်သော အဝန္ဒနီယပုဂ္ဂိုလ် အပြား တစ်ဆယ့် နှစ်ပါး စကားရပ် မှတ်ဖွယ်တည်း။ ရှိခိုးသူ အပြစ် မလွတ်မှတ်လေ၊ နှစ်ရပ်နာနာ ကိုလည်း တစ်ခုတည်း ယူလေ။]

(ခ) ရွာဝင်တသီး၊ ခရီးသွားခိုက်၊ အမိုက်တိုက် တခြား၊ အိပ်စားဆဲကာ၊ ယာဂုပါန၊ ဘတ္တဂ္ဂနှင့်၊ စွန့်ထကျင်ငယ်၊ တစ်သွယ် ကျင်ကြီး၊ တသီး ရန်သူ၊ မမူနှလုံး၊ တစ်ဆယ့်သုံးကို။ ။ လုံးလုံးလွတ်ကင်း ကြဉ်လေမင်း။ [ဤကား အဝန္ဒနီယ ပုဂ္ဂိုလ်ပေါင်း နှစ်ဆယ့် ငါးပါး စကားရပ် မှတ်ဖွယ်တည်း]

[ငါးပါးငါးပါးငါးလီ ဟောတော်မူသည်တွင် တစ်ပါးကို နှလုံးမမူသော ပုဂ္ဂိုလ် ကို နှစ်ပဥ္စကဌ် ပါဝင်သောကြောင့် နှစ်ယောက်ယူ၍ တစ်ဆယ့်သုံးယောက် ဖြစ်လေ သည်။ ဤ တစ်ဆယ့်သုံးပါးတို့မှာ သံသရာအပြစ် အာပတ်တို့မှ လွတ်၏။ ပစ္စုပ္ပန် တွင် အပြစ်ရှိ၍လည်းကောင်း၊ မလျောက်ပတ်၍လည်းကောင်း ဟောတော်မူသည် မှတ်လေ]

## ဝန္ဒနီယ ပုဂ္ဂိုလ် ၅ ပါး

၅။ ဥပသမ္ပကာ၊ ခံသည်ရှေးဦး၊ မထူးဓမ္မ၊ ဝါဒအယူ၊ ထို့အတူ တခြား၊ နှစ်ပါး ဆရာ၊ တထာဂတ၊ သမ္ဗုဒ္ဓကို။ ။ နိစ္စမယွင်း ရှိဝပ်စင်း။ [ဤကား ရှိခိုးအပ်သော ဝန္ဒနီယပုဂ္ဂိုလ် အပြားငါးပါး စကားရပ် မှတ်ဖွယ်တည်း]

## တပည့်ကျင့်ဝတ် ၅-ပါး

၆။ ခရီးဦးကြို၊ ရိုသေစွာပင်၊ မှတ်နားထင်၍၊ ကြည်လင်လုပ်ကျွေး၊ မြတ်လေး ခစား၊ ဤငါးပါးဖြင့်၊ ကြီးမားကျေးဇူး၊ အထူးဂုဏ်ဝါ၊ မြတ်ဆရာဝယ်၊ ကျင့်ရာသည်တည့်၊ လမ်းကြောင်းရှိသည်၊ တပည့်တို့အား ဝတ်တရား။ [ဤကား တပည့်က ဆရာ၌ ကျင့်ရာသော ဝတ်ငါးပါး စကားရပ် မှတ်ဖွယ်တည်း]

mgyoe.com

mgyoe.com


## ဆရာ့ကျင့်ဝတ် ၅-ပါး

၇။ တပည့်၌ဝယ်။ ပြုဖွယ်ဆရာ၊ ကျင့်ဝတ်မှာကား၊ ကောင်းစွာဆုံးမ၊ သင်ထ ကောင်းစွာ၊ တတ်ရာတိုင်းပြော၊ မိန့်ဟောဆောင်နှင်း၊ ရန်တားခြင်းဟု၊ ဤငါးခုသည်၊ ပြုရာမမှား ဆရာအား။ [ဤကား ဆရာက တပည့်၌ ကျင့်ရာသော ဝတ်ငါးပါး စကားရပ် မှတ်ဖွယ်တည်း]

[ဤငါးပါးတို့တွင် ရန်တားခြင်းဟူရာ၌ ဆရာ့အတတ်ပညာကြောင့် သွားလေရာ အန္တရာယ်ခပ်သိမ်း ကင်းငြိမ်းခြင်းသည် ဆရာလိုက်၍ အရန်အတား ပြုသည် မည်၏။ ဆရာသင်သော အတတ်ပညာကြောင့် ရလေသမျှ လာဘ်လာဘတို့သည် ဖြပ်ဘွားဘုံကို ထိသည်ဖြစ်စေ ဆရာပေးသည် မည်၏ဟု ဆိုလိုသည်]

## သားသမီးကျင့်ဝတ် ၅-ပါး

၈။ မွေးတုံ့ မွေးရိုး၊ မူမျိုးဆောင်ဖွယ်၊ မျိုးနွယ်တည်စေ၊ အမွေခံသင့်၊ သေ သဖြင့်လည်း၊ ရလင့်စိမ့်ငှာ၊ လှူအပ်စွာသည်၊ ပုတ္တာသားက ကျင့်အပ်လှ။ [ဤကား သားက မိဘတို့၌ ကျင့်ရာသော ဝတ်ငါးပါး စကားရပ် မှတ်ဖွယ်တည်း]

## မိဘကျင့်ဝတ် ၅-ပါး

၉။ မိဘတို့အား၊ သားတို့၌ဝယ်၊ ပြုဖွယ်တကြောင်း၊ မကောင်းကိုကြဉ်၊ ကောင်းရာယှဉ်၍၊ သင်သည်အတတ်၊ လျှောက်ပတ်သူအား၊ ထိမ်းမြား ထိုက်ပေ၊ အမွေဥစ္စာ၊ လျော်စွာပေးငြား၊ ဤငါးပါးသည်၊ နှစ်ပါးမိဘ ကျင့်ဓမ္မ။ [ဤကား မိဘတို့က သားသမီးတို့၌ ကျင့်ရာသော ဝတ်ငါးပါး စကားရပ် မှတ်ဖွယ်တည်း]

## လင့်ကျင့်ဝတ် ၅-ပါး

၁၀။ မယား၌လင်၊ ကျင့်ဖွယ်အင်ကား၊ ချစ်ခင် မြတ်နိုး၊ အစိုးနှင်းသည်၊ မထိမဲ့ မြင်၊ မပြုလျင်စွာ၊ တန်ဆာပေးခြင်း၊ ကျော်နင်းတထူး၊ မလွန်ကျူးရာ၊ ဤငါးဖြာသည်၊ မှန်စွာသဘော ကျမ်းအဟော။ [ဤကား လင်က မယား၌ ကျင့်ရာသော ဝတ်ငါးပါး စကားရပ် မှတ်ဖွယ်တည်း]

mgyoe.com

mgyoe.com

## မယားကျင့်ဝတ် ၅-ပါး

၁၁။ လင်၌မယား၊ ကျင့်တရားကား၊ ဖြောင့်သားစိရင်၊ ကျွမ်းဝင်သားချင်း၊ သင်္ဂြိုလ်အထူး၊ မလွန်ကျူးရာ၊ ဥစ္စာထိန်းခြင်း၊ မပျင်းအမှု၊ ဤငါးခုသည်၊ သုံးလူ့ ရှင်စော သုတ်ဝယ်ဟော။ [ဤကား မယားက လင်၌ ကျင့်ရာသော ဝတ်ငါးပါး စကားရပ် မှတ်ဖွယ်တည်း]

## အဆွေခင်ပွန်း၌ ကျင့်ရာသောဝတ် ၅-ပါး

၁၂။ (က) ဆွေခင်ပွန်းအား၊ ကျင့်တရားမူ၊ စကားချစ်ဖွယ်၊ တသွယ်ပေးကမ်း၊ ရည်မှန်းကိုယ်တူ၊ ယွင်းမူမချွတ်၊ ကျိုးနပ်စီးပွား၊ ဤငါးပါးလျှင်၊ ကျမ်း၌ထင်သည်၊ လေးအင်မျိုးသား ကျင့်တရား။ [ဤကား အဆွေခင်ပွန်းတို့၌ ကျင့်ရာသော ဝတ်ငါးပါး စကားရပ် မှတ်ဖွယ်တည်း]

(ခ) တစ်နည်းငါးဖြာ၊ ကျင့်ရေးမှာကား၊ မေးကာ စောင့်ရှောက်၊ မပျောက် ဥစ္စာ၊ စောင့်ရာတသွန့်၊ ကြောက်ရွံ့သောခါ၊ ကိုးကွယ်ရာရ၊ ဒုက္ခကြီးစွာ၊ တွေ့ကာမလွတ်၊ မချွတ်မယွင်း၊ ပေးခြင်းမပျက်၊ မျိုးဆက်စောင့်မ၊ ဤငါးဝသည်၊ ကျင့်ထမမှား မျိုးလေးပါး။ [ဤကား အဆွေခင်ပွန်း၌ ကျင့်ရာသော ဝတ်ငါးပါး စကားရပ် မှတ်ဖွယ်တည်း]

## သခင် ကျင့်ဝတ် ၅-ပါး

၁၃။ ကျွန်၌သခင်၊ ကျင့်ရန်ဆင်ပိမ့်၊ အင်တန်ရုံခန့်၊ ထောက်ပံ့ရိက္ခာ၊ နာလျှင်လုပ်ကျွေး၊ ဝေပေးရသော၊ အခါ၌လွှတ်၊ ကျင့်ဝတ်ငါးဖြာ၊ ကျမ်းအလာနှင့်၊ ညီစွာမမှား ကျင့်စေစား။ [ဤကား သခင်က ကျွန်၌ ပြုရာသော ဝတ်ငါးပါး စကားရပ် မှတ်ဖွယ်တည်း]

## ကျွန် ကျင့်ဝတ် ၅-ပါး

၁၄။ သခင်၌ကျွန်၊ ကျင့်ရန် ညွှန်ပိမ့်၊ လွန်၍လည်းထ၊ နောက်မှ အိပ်ရေး၊ ပေးမှလည်းယူ၊ ကြည်ဖြူစွာလုပ်၊ ဖော်ထုတ် ကျေးဇူး၊ ညွှတ်နူးကြည်စွာ၊ အောက်မေ့ရာသည်၊ ငါးဖြာ ကျွန်တို့ ကျင့်ရန်ဖို့။ [ဤကား ကျွန်က သခင်၌ ပြုရာသော ဝတ်ငါးပါး စကားရပ် မှတ်ဖွယ်တည်း]

mgyoe.com

mgyoe.com


## ဒကာ ကျင့်ဝတ် ၅-ပါး

၁၅။ ရဟန်းတို့ဝယ်၊ ပြုဖွယ်ဒကာ၊ ကျင့်ဝတ်မှာကား၊ မေတ္တာသုံးဝ၊ ဒွါရမပိတ်၊ အာမိသလှူ၊ ကြည်ဖြူစုံမက်၊ ဉာဏ်ငါးချက်ကို၊ မပျက်လုပ်ကျွေး နေ့တိုင်းမွေး။ [ဤကား ဒကာက ရဟန်းတို့၌ ပြုရာသော ဝတ်ငါးပါး စကားရပ် မှတ်ဖွယ်တည်း]

[မေတ္တာသုံးဝ၌ မျက်မှောက်သုံးပါး၊ မျက်ကွယ်သုံးပါးအားဖြင့် မေတ္တာ ခြောက်ပါး ရအောင်ယူလေ။ ။ သုတ္တသင်္ဂဟ၊ သုတ်ပါထေယျ၊ ပရိဝါ ပါဠိတော် အဋ္ဌကထာ ကျမ်းတို့မှာ ကြည့်မှ အကျယ် သိနိုင်မည်]

## ဆရာ ကျင့်ဝတ်-၅ ပါး

၁၆။ ဒကာတို့ဝယ်၊ ပြုဖွယ်ဆရာ၊ ကျင့်ရေးမှာကား၊ ကောင်းစွာဆုံးမ၊ ကောင်းရာချ၍၊ ပါပ မြစ်တား၊ နတ်ရွာ လမ်းမ၊ ညွှန်ပြတရား၊ မကြားဘူးရာ၊ ကြားဖူးရာကို၊ ထပ်ကာ ညွှန်ပြ၊ ခြောက်ဓမ္မကို၊ နေ့ညမသွေ ဆုံးမစေ။ [ဤကား ဆရာက ဒကာ၌ ကျင့်ရာသော ဝတ်ငါးပါး စကားရပ် မှတ်ဖွယ်တည်း]

## ရှိခိုးအပ်သော အရပ် ၆-ပါး

၁၇။ မာတာ ပိသု၊ ပုဗ္ဗ ဒိသာ၊ ဆရာ မြတ်လှ၊ ဒက္ခိဏတည့်၊ ပုတ္တဒါရာ၊ ဒိသာပစ္ဆ၊ မိတ္တ ဥတ္တရာ၊ ဟေဋ္ဌာဒါသ၊ သမဏဗြဟ္မဏာ၊ အထက်သာ တည့်၊ ခြောက်ဖြာ အရပ်၊ ရှိခိုး အပ်ရာ၊ လူနတ် ဆရာ၊ သတ္ထာ ဒေဝ၊ မိန့် ဆုံးမသည်၊ နိစ္စမမှား ကျင့်လေကား။ [ဤကား သိင်္ဂါလလုလင်အဘ သေကာနီးကာလ ခြောက်မျက်နှာအရပ်ကို မပြတ် ရှိခိုးရစ်ဟု သားအား ဆုံးမခဲ့၍ အဖ သေသည့်နောက် ပကတိ အရပ်ခြောက်မျက်နှာကို ရှိခိုးလေသောကြောင့် ဟောတော်မူသော ခြောက်မျက်နှာသော အရပ်နှင့်တူသော တရားခြောက်ပါး စကားရပ် မှတ်ဖွယ် တည်း။]

mgyoe.com

mgyoe.com

## ပျင်းရိခြင်း ၆-ပါး

၁၈။ အပူတစ်ခန်း၊ အချမ်းတစ်မျိုး၊ မိုးချုပ်တစ်မည်၊ ဆာမွတ်သည်နှင့်၊ ဝေးရှည်သွားလာ၊ စောငြားစွာလှ၊ ဤခြောက်ဝကြောင့်၊ ပျင်းကြသူအား၊ ကျိုးမပွားသည်၊ နှစ်ပါးဘောဂ မစံရ။ [ဤကား ပျင်းရိခြင်းခြောက်ပါး စကားရပ် မှတ်ဖွယ်တည်း]

## ဂတိ ၄-ပါး၊ အဂတိ ၄-ပါး

၁၉။ ဆန္ဒာ ဒေါသ၊ ဘယာ မောဟ၊ အပါယ်ကျလိမ့်၊ ဓမ္မလေးမည်၊ ဂတိတည်က၊ လူ့ပြည် နတ်ရွာ၊ ရောက်လေရာသည်၊ မကွာ ကိုယ်တွင်း မြဲစေမင်း။ [ဤကား ဂတိလေးပါး၊ အဂတိလေးပါး စကားရပ် မှတ်ဖွယ်တည်း]

[အဂတိလေးပါးသို့ လိုက်က အပါယ်သို့ ရောက်၏။ ဂတိ လေးပါးသို့ လိုက်မှ နတ်ရွာသို့ ရောက်မည် ဆိုလိုသည်။ သုတ္တသင်္ဂဟ၊ သုပါထေယျ၊ ပရိဝါ စသော ကျမ်းအစောင်စောင်၌ပင် လာသည်။ နှလုံးထားမိကြစေ။ ။ အကုသိုလ် ဒုစရိုက် ဆယ်ပါးတို့တွင် တစ်ပါးပါး၌ လေးပါးလေးပါးစီ ပြားသောကြောင့် အကုသိုလ် ဒုစရိုက်ပေါင်း လေးဆယ်ဖြစ်ကြောင်းကို အဘိဓမ္မာ အဋ္ဌကထာကျမ်းတို့၌ လာသည်။ ကျမ်းဂန် သင်ကြားဖူးသူ ဖြစ်သော်လည်း နှလုံးထားမိခဲ၏။ နှလုံးထားမိကြစေ]

## စီးပွားပျက်ကြောင်း ၆-ပါး

၂၀။ သဘင်ရှုငြား၊ အန်ကစားနှင့်၊ သောက်စား သုရာ၊ အခါမဲ့သွား၊ ပျင်းငြားတုံထ၊ မိတ္တယုတ်စွာ၊ ခြောက်ဖြာတရား၊ အပြစ်များသည်၊ စီးပွားပျက်ကြောင်း ကျင့်မကောင်း။ [ဤကား စီးပွားပျက်ကြောင်း တရားခြောက်ပါး စကားရပ် မှတ်ဖွယ်တည်း။ အန်ကစား ဟူရာ၌ ကြက်တိုက်၊ ဖဲထိုး၊ ကြွေလောင်းတို့ကို ယူလေ]

## သုရာ ၅-ပါး

၂၁။ ပိဋ္ဌ ပူဝ၊ ဩဒနနှင့်၊ ကိဏ္ဏတဖြာ၊ သမ္ဘာ ရာဟု၊ သုရာငါးထွေ၊ အဆိပ်ရေကို၊ ရှောင်လေ မမှားစေနှင့်ကား။ [ကိဏ္ဏ၌ ကိဏ္ဏပက္ခိတ္တသုရာ၊ သမ္ဘာရ၌ သမ္ဘာရသံယုတ္တသုရာကို ယူလေ]

mgyoe.com

## မေရယ ၅-ပါး

၂၂။ ပုပ္ဖ ဖလ၊ သမ္ဘာရနှင့်၊ ဂုဠ မဓု၊ ငါးခု နာမ၊ မေရယကို၊ ရှောင်ကြလေမင်း ဝေးဝေးကွင်း။

## သုရာ-မေရယ အထူး

၂၃။ နှိပ်နယ်၍သာ၊ ပြုသည်မှာကား၊ သုရာ မည်ထ၊ မေရယမှာ၊ များစွာ ကာလ၊ ထုံထသည်သာ၊ လက္ခဏာတည့်၊ နှစ်ဖြာ သေရက်၊ ထူးကြောင်း ထွက်သည်။ ။ ဆယ်ချက် ယစ်မျိုး သာ၍ဆိုး။

*[ပဥ္စသီလငါးပါးတွင် သုရာမေရယ သာ၍ အပြစ်ကြီးသည် ဆိုသည်။ တစ်ကျမ်း ကမှာ မုသာဝါဒ အပြစ်ကြီးသည်ဟု လာသည်။ နှစ်နည်းမှတ်လေ။ ဤကား သုရာ၊ မေရယ နှစ်ပါး ထူးကြောင်းစကားရပ် မှတ်ဖွယ်တည်း]

## သေရည်သောက်ခြင်း ၆-ပါး

၂၄။ (က) မရှောင်သောက်စား၊ ပြုမိမှားမူ၊ ပြေးသွားမလွဲ၊ ငရဲပါယ်ဝ၊ ဓောက်ထိုးကျလိမ့်၊ ထိုမှတစ်ခါ၊ လွတ်ပြန်ပါလည်း၊ လူ့ဘာမှာ ခုနစ်၊

---

* "အပိစေတ္တ သုရာမေရယမဇ္ဇပမာဒဋ္ဌာနမေဝ မဟာသာဝဇ္ဇံ၊ နတထာ ပါဏာတိပါတာ ဒယော၊ ကသ္မာ၊ မနုဿဘူတဿပိ ဥမ္မတ္တဝသံဝတ္တနေန အရိယ ဓမ္မန္တရာယ ကရဏ တောတိ" ဟု ခုဒ္ဒကပါဌကထာ (၂၃) ၌ သုရာမေရယသာလျှင် အခြားတို့ထက် အပြစ်ကြီးကြောင်း ပြဆို သည်။ အပြစ်ကြီးလေးရခြင်း အကြောင်းမှာ လူဖြစ်သော်မှ ရူးသွပ်စေတတ်သည့် မကောင်းမှု မှန်သမျှ (သုရာသောက်ပြီးလျှင်) အားလုံး လုပ်ဝံ့လာသည်။ သူတော်ကောင်းမှန်သမျှ ဖျက်ဆီး တတ်သည်ဟု အကြောင်းပြထားသည်။ ဋီကာကျော်နှင့် မူလဋီကာတို့၌လည်း 'ကာမေသု' ၌ (ပကတိအားဖြင့် ကာမသဘာဝဖြစ်ခြင်း၊ အခြားမကောင်းမှုကို ဥပထမ္ဘက လုပ်တတ်ခြင်းဆို သော အကြောင်းနှစ်မျိုး ပြကာ) သွင်းကြသည်။ ပကိဏ္ဏဝိနိစ္ဆယကျမ်းများ၌လည်း ဤအဆုံး အဖြတ် ရှိသည်။

မုသာဝါဒ အပြစ်အကြီးဆုံးဆိုသော ကျမ်းစာ မတွေ့မိသေး။ ဘုရားအလောင်းတော် များ အခြား(၄)ပါးကို မပြောပစလောက် လွန်ကျူးခဲ့မိသော်လည်း မုသာဝါဒကိုမူ ဘယ်ခါမှ မလွန် ကျူးကြောင်းကိုကား မှတ်သားရဖူးသည်။

"ဘုရား ဆောက်ဦ၊ ရှာသောသူတို့၊ မဟူပါရှောင်း၊ ဖြစ်ပေါင်းများစွာ၊ ရှည်မြင့် ကြာလည်း၊ သစ္စာလည်းမှား၊ ပျက်မုသားဖြင့်။ ။ စကားချွတ်သည် မရှိတည်း"

ပါရမီခန်းပျို့ ပိုဒ်ရေ (၁၂၀)

mgype.com

ဦးခေါင်းဖြစ်မူ၊ ကိုးယူဇနာ၊ ကိုယ်မှာ ကြီးကျယ်၊ နှစ်ဆယ် နှင့်ငါး၊ ကြောက်ပါးလိလိ၊ ခံရဘိသည်၊ သတိမကင်း မြဲစေမင်း။

(ခ) ထိုမှ တစ်ခါ၊ လွတ်ပြန်ပါလည်း၊ ငါးရာ ခွေးရူး၊ ဘီလူးဖြစ်မူ၊ ငါးရာ ဟူ၏၊ လူမှာ အနန္တ၊ ဖြစ်လေရသည်၊ မြုပ်စ စုံးစုံး ဝဲထဲတုံး။

(ဂ) ဥစ္စာ ကုန်ခြင်း၊ အငြင်း ပွားရာ၊ အနာဖြစ်လေ၊ အသရေကင်း၊ ကျော်စောခြင်းမဲ့၊ ပညာမဲ့ဟု၊ ခြောက်ခုမျက်မှောက်၊ အပြစ်ရောက် သည်၊ နောက်ခါ ငရဲ ခံရမြဲ။ [ဤကား သေရည်သောက်ခြင်း အပြစ် ခြောက်ပါး စကားရပ် မှတ်ဖွယ်တည်း]

## ပွဲသဘင်ကြည့် အပြစ် ၆-ပါး

၂၅။ ပွဲလမ်းကြည့်ရာ၊ အပြစ်မှာကား၊ နစ္စာ ဂီတ၊ ဝါဒိတနှင့် ကုမ္ဘအက္ခာ၊ ပါဏိဿရ၊ ခြောက်ဌာနကို၊ ကွ ကသို၊ ကြိမ်ကြိမ်ဖန်များ၊ မေးရငြား သည်၊ ခြောက်ပါး အပြစ် စီးပွားလစ်။ [ဤကား ပွဲသဘင်ကြည့်ရာ အပြစ် ခြောက်ပါး စကားရပ် မှတ်ဖွယ်တည်း။]

[ကုမ္ဘမှာ ကုမ္ဘထူဏ အိုးစည်တီးသည်ကိုယူ၊ အက္ခမှာ ကြွေအပ်၊ ပါဏိဿရမှာ လက်ခုပ်တီး၊ မောင်းတီးသည်ကိုယူ၊ ကွ ကသိုမှာ၊ ကွနစ္စံ၊ ကွဂီတံ စသည်ဖြင့် မေးသည်ကိုယူ]

## အနိကစားပြစ် ၆-ပါး

၂၆။ ခင်မက်မဖြစ်၊ မချစ်မယား၊ ရှုံးပါးဥစ္စာ၊ ရန်မှာပွားထ၊ မရသက်သေ၊ မိတ်ဆွေဖော်ကောင်း၊ မပေါင်းဖော်ဘဲ၊ ရှောင်ခွာရှဲသည်၊ မလွဲစင်စစ် ကစားပြစ်။ [ဤကား အနိကစားပြစ် ခြောက်ပါး စကားရပ် မှတ်ဖွယ်တည်း]

## ခင်ပွန်းယုတ် ပေါင်းဖော်ပြစ် ၆-ပါး

၂၇။ သုရာမိန်းမ၊ ပိပါသနှင့်၊ နှစ်ဝလှည့်စား၊ လုငြားနိုင့်ထက်၊ ဤခြောက်ချက် ကို၊ ပေါင်းဖက်ယှဉ်တွဲ၊ တွေးလေ မြဲသည်၊ မလွဲစင်စစ် ခင်ပွန်းပြစ်။ [ဤကား ခင်ပွန်းယုတ်နှင့် ပေါင်းဖော်ခြင်း အပြစ်ခြောက်ပါး စကားရပ် မှတ်ဖွယ်တည်း]

mgyoe.com

mgyee.com

[သုရာမှာ သုရာကြူးသောသူ၊ မိန်းမမှာ မိန်းမကြူးသောသူ၊ ပိပါသမှာ စားဖွယ်သောက်ဖွယ် ကြူးသောသူ၊ နှစ်ဝလှည့်စားမှာ ရွှေငွေအတုလုပ်၍ လှည့်စားခြင်း၊ မျက်မှောက်လှည့်စားခြင်း နှစ်ပါးယူလေ]

## အချိန်မဲ့ သွားလာပြစ် ၆-ပါး

၂၈။ ချိန်မဲ့ကာလ၊ ခရီးမသို့၊ သွားကြလေသူ၊ အပြစ်မူကား၊ ခိုးသူအင်္ဂါ၊ ထွေလာစကား၊ စွပ်စွဲငြားလိမ့်၊ တခြားတသီး၊ ဖမ်းဆီးပုတ်ခတ်၊ သုံးရပ်ဥစ္စာ၊ မလုံရာသည်၊ ရှောင်ခွာရှင်းရှင်း ခြောက်ပြစ်ကင်း။ [ဤကား အချိန်မဲ့ ညဉ့်နက်သန်းခေါင် အိမ်ကြိုအိမ်ကြား သွားရာ အပြစ်ခြောက်ပါး စကားရပ် မှတ်ဖွယ်တည်း]

[သုံးရပ်ဥစ္စာမှာ မိမိကိုယ် မလုံ၊ သားမယား မလုံ၊ ဥစ္စာ မလုံ ယူလေ]

## ခင်ပွန်းတု အကျဉ်း ၄-ပါး

၂၉။ ဝစီ ပရမ၊ နှုတ်ကမေးယောင်၊ အပာန်ဆောင်၏၊ ချစ်ယောင်အတု၊ ဆောင်ရွက်ပြုသည်၊ အနုပိယာ၊ အဓမ္မမှာ၊ ဖော်လုပ်လာက၊ အပါယထည့်၊ အည ဒတ္ထုဟာရ၊ ဘာမျှမပါ၊ လက်ဖြင့်သာတည့်၊ ပြုလာတုံထ၊ ကျိုးမရခဲ့၊ မိတ္တ မစစ်၊ အတု ဖြစ်သည်၊ မချစ်နှင့် မင်း လွတ်အောင်ကွင်း။ [ဤကား ခင်ပွန်းတု လေးယောက် စကားရပ် မှတ်ဖွယ်တည်း]

## ခင်ပွန်းတုအကျယ် ၁၆-ပါး

၃၀။ (က) လက်ချည်းသာလာ၊ ချီးမွမ်းကာဖြင့်၊ နည်းစွာအများ၊ ယူလိုငြား၍၊ လမ်းများရှိကာ၊ ကျွန်ပမာသို့၊ ကောင်းစွာဆောင်ရွက်၊ အကျိုးဆက်ကြောင့်၊ ပေါင်းဖက်တုံလာ၊ ဗာလာ သမုတ်၊ ခင်ပွန်းယုတ်ကို၊ ခွာထုတ် ကြဉ်ဖဲ ဝေးဝေးရှဲ။ [ဤကား အညဒတ္ထုဟာရ ခင်ပွန်းတု အပြားလေးပါး၊ စကားရပ် မှတ်ဖွယ်တည်း]

(ခ) အတိတ်အရပ်၊ အနာဂတ်နှင့်၊ နိရတ္ထကသင်္ဂြိုဟ်၊ ထိုထိုကိစ္စ၊ ရှိကာလမှာ၊ ပျူငှာပြုတတ်၊ ဤလေးရပ်ကို၊ မကပ်ကြဉ်ဖဲ လွတ်အောင်ရှဲ။ [ဤကား ဝစီပရမ ခင်ပွန်းတု လေးပါး စကားရပ် မှတ်ဖွယ်တည်း]

mgyee.com

[ရှေ့ကလာလျှင် ရလေ၏ဟုဆိုခြင်း၊ နောက်မှရမည်ဆိုခြင်း၊ ဤဆင်၊ ဤမြင်း၊ ဤပုဆိုးသည်၊ သင့်အား တော်လှ၏ဟု အကျိုး မရှိသော ချီးမြှောက်ခြင်း၊ လှည်းဝင်ရိုးကျိုးခိုက်၊ ပုံတောင်းကျိုးခိုက်၊ ဖြစ်ခဲ့သည်ဟု ပစ္စုပ္ပန်ပျက်စီးကြောင်းကို ပြခြင်းအားဖြင့် လေးပါး ပြားသည် ဆိုလိုသည်။]

(ဂ) မကောင်းပြုရာ၊ ကောင်းစွာသာဓု၊ ကောင်းမှုပြုရာ၊ သာဓုမခေါ်၊ အဖော်မရ၊ မျက်ကွယ်ကျမှု၊ ရှုတ်ချတတ်စွာ၊ မျက်ကွယ်မှာလျှင်၊ ဝမ်းသာအားရ၊ ချီးမွမ်းပသည်၊ ပိယမိတ္တ ဉာဏ်ဝယ်ရှု။ [ဤကား အနုပိယခင်ပွန်းဟု အပြားလေးပါး စကားရပ် မှတ်ဖွယ်တည်း]

[မကောင်းမှုကို နှိုးဆော်တိုင်ပင်လျှင် ကောင်းပြီဟု ဝန်ခံ၏။ ကောင်းမှုပြုရာ တိုင်ပင်ပါလည်း ကောင်းပြီဟု ဝန်မခံ၊ အဖော် မရ ဆိုလိုသည်၊ သာဓု သဒ္ဒါ ဝန်ခံခြင်းကို ဟောသည် မှတ်လေ]

(ဃ) ကြွေအန်ကစား၊ သဘင်သွားနှင့်၊ သောက်စား သုရာ၊ အခါမဲ့ငြား၊ သွားလာရာတွင်၊ အဖော်ဝင်သည်၊ လေးခွင်ပါယ်တွင်း အတူဆင်း။ [ဤကား အပါယသဟာယ ခင်ပွန်းတုလေးပါး စကားရပ် မှတ်ဖွယ်တည်း။]

[လေးယောက် လေးယောက် လေးလီအားဖြင့် ခင်ပွန်းတုပေါင်း တစ်ကျိပ် ခြောက်ယောက် ဖြစ်သတည်း]

## ခင်ပွန်းစစ် အကျဉ်း ၄-ပါး

၃၁။ ကျေးဇူးရှိအောင်၊ ရှုက်ဆောင်သည်မှာ၊ ဥပကာရ၊ သုဟဒတည့်၊ သုခဒုက္ခာ၊ ချမ်းသာဆင်းရဲ၊ မကွဲတူကွ၊ အနုကမ္ပမှာ၊ ကြင်နာသနား၊ ဟောကြားမိန့်မြွက်၊ အတ္ထက္ခာယီ၊ သညီတွင်ထ၊ ဤလေးဝကို၊ မိဘပမာ၊ မြတ်နိုးရာသည်၊ မေတ္တာမကင်း ချစ်လေမင်း။

[ဤကား ခင်ပွန်းစစ် အကျဉ်းလေးပါး စကားရပ်မှတ်ဖွယ်တည်း]

## ခင်ပွန်းစစ် အကျယ် ၁၆-ပါး

၃၂။ (က) သေရည်သောက်ကာ၊ ဥစ္စာမပျောက်၊ စောင့်ရှောက်တုံခါ၊ မေ့လျော့ခါလည်း၊ စောင့်လှာတုံထ၊ ဘေးရှိကလည်း၊ မစတုံလှာ၊ ညီညာ

mgyoe.com

mgyoe.com

စောင့်မ၊ မှုကိစ္စ၌၊ ဘောဂဖြစ်အောင်၊ ရွက်ဆောင်မလစ်၊ ခင်ပွန်းစစ်ကို၊ ချစ်လေရိုးရိုး ကိုယ်အကျိုး။ [ဤကား ဥပကာရ ခင်ပွန်းစစ်လေးပါး စကားရပ် မှတ်ဖွယ်တည်း]

(ခ) လျှို့ဝှက်စကား၊ မကြားအပ်စွ၊ ကြားရတတန်၊ ဘေးရန်ရှိက၊ မစွန့်ရချေ၊ စွန့်ပေအသက်၊ အကျိုးဆက်ကြောင့်၊ ငဲ့ထွက်ကေန်၊ ဆင်းရဲခံသည်၊ တစ်ရံမကင်း ပေါင်းယှဉ်မင်း။ [ဤကားသုခ၊ ဒုက္ခ ခင်ပွန်းစစ်လေးပါး စကားရပ် မှတ်ဖွယ်တည်း]

[မိမိ လျှို့ဝှက်အပ်သော စကားကို အဆွေခင်ပွန်းအား ကြားအပ်၏။ အဆွေခင်ပွန်း လျှို့ဝှက်အပ်သော စကားကို သူတစ်ပါးအား မကြားရာ ဟူလိုသည်]

(ဂ) မကောင်းမြစ်ထာ၊ ကောင်းရာတိုက်တွန်း၊ ညွှန်းသည်တရား၊ မကြားဘူးက၊ ကြားဖူးရအောင်၊ ပြဆောင်တတန်၊ နိဗ္ဗာန်လမ်းမ၊ ဟောညွှန်ပြသား၊ မိတ္တကလျာ၊ ဤလေးဖြာကို၊ မကွာမကင်းပေါင်းလေ မင်း။ [ဤကား အတ္ထက္ခာယီ ခင်ပွန်းလေးပါး စကားရပ် မှတ်ဖွယ်တည်း]

(ဃ) ဆွေခင်ပွန်းအား၊ စီးပွားဖြစ်က၊ အားရဝမ်းသာ၊ ပျက်ပြန်ကာလည်း၊ ပူဆာတောင့်တ၊ သူ ရှုတ်ချမူ၊ ဆုံးမမေတ္တာ၊ ချီးမွမ်းကာလည်း၊ ကောင်းစွာ သာဓု၊ အနုကမ္ပ၊ ဤလေးဝကို၊ နိစ္စအမြဲ ပေါင်းယှဉ်တွဲ။ [ဤကား အနုကမ္ပ ခင်ပွန်းစစ်လေးပါး စကားရပ် မှတ်ဖွယ်တည်း]

[လေးယောက် လေးလီအားဖြင့် ခင်ပွန်းစစ် တစ်ကျိပ် ခြောက်ယောက် ဖြစ်သတည်း]

## ဂိဟိဝိနယ ခေါ်ဆိုခြင်း

၃၃။ လူတို့ကျင့်ရာ၊ ဤသည့်စာ၌၊ မပါမရှိ၊ ပြည့်စုံဘိ၏၊ ဂိဟိဝိနယ၊ မည်တွင်ထသား၊ ဓမ္မများစွာ၊ ကျင့်ဝတ်စာကို၊ မကွာနှုတ်တွင်း ဆောင်ကြမင်း။ (သိင်္ဂါလောဝါဒသုတ် ပါဠိတော်လာ) [ဤတရားတို့၌ လူတို့၏ ကျင့်ဝတ် မပါသည် မရှိ၊ ဟောတော်မူသမျှ လူတို့၏ ကျင့်ဝတ်ချည့်ဖြစ်၍ ဂိဟိဝိနယ၊ ပဗ္ဗဇ္ဇဝိနယ နှစ်ပါးတို့တွင် ဂိဟိဝိနယ လူတို့ ဝိနည်းမည်၏ ဟူလိုသည်]

mgyoe.com

 mgyoe.com 

## ကာမေသုမိစ္ဆာစာရ ၄-ပါး

၃၄။ ကာလဒေသ၊ ဓမ္မအင်္ဂါ၊ မဟုတ်ပါက၊ မိစ္ဆာစာရ၊ ကျင့်ရာ ပြသည်။ ဓမ္မဟောရိုး ကျမ်းအမျိုး။ [ဆဂတိဒီပနီ၌ လာသည်။ ဤကား ကာမေသုမိစ္ဆာစာရ လေးပါး စကားရပ် မှတ်ဖွယ်တည်း]

## ငရဲကြီး ၈-ထပ်

၃၅။ ဘုံတွင် ဘုံဆိုး၊ ငရဲအိုးကား၊ သဉ္ဇိုင်း သမုတ်၊ ကာဠသုတ်က၊ သင်္ဃာတ နှင့်၊ ရောရုဝ မဟာ၊ ရောရုဝါက၊ တာပန အလွန်၊ တာပန် မည်ရှိ၊ အဝီစိ ဟု၊ တွင်ဘိပညတ်၊ ဤရှစ်ရပ်ကို၊ ကျပ်ကျပ်အမြဲ လွတ်အောင်ခဲ။ [ဤကား ငရဲကြီး ရှစ်ထပ် စကားရပ် မှတ်ဖွယ်တည်း၊ ရောရုဝ၊ မဟာရောရုဝ၊ တာပန၊ မဟာတာပနတို့ကို ဆိုလိုသည်]

## ဥဿဒငရဲ ၁၂၈-ခု

၃၆။ လေးထပ်မျက်နှာ၊ ဝန်းရံကာလျက်၊ ညီစွာစက်ဆုပ်၊ ဘင်ပုပ်ပြာပူ၊ ပြောထူ ပြည့်နှက်၊ သန်လျက်တောကောင်း၊ ကြိမ်ပိုက်ချောင်းနှင့်၊ ပေါ်သောင်း မှန်စွာ၊ တစ်ရာ့နှစ်ဆယ်၊ စွန်းကယ်ရှစ်ခု၊ ငရဲစုကို၊ ဒုစရိုက်မင်း လွတ် အောင်ကွင်း။ [ဤကား ငရဲကြီး ရှစ်ထပ်တို့တွင် တစ်ထပ်တစ်ထပ်၌ ဥဿဒငရဲငယ် တစ်ဆယ့်ခြောက်ထပ်ပြားအကြောင်း စကားရပ် မှတ်ဖွယ်တည်း]

[လူ့ပြည်မှသည် ယူဇနာ တစ်သိန်း နှစ်သောင်းရှိသော အောက်ခြေအရပ်၌ အဝီစိ ငရဲကြီး အောက်ဆုံး၌ တည်၏။ အထက်ကို အဆင့်ဆင့်တည်၏။ တစ်လုံးနှင့် တစ်လုံးကြား ယူဇနာ တစ်သောင်း ငါးထောင် ကွာ၏။ အဝီစိငရဲအတွင်း၌ အလျား ယူဇနာ တစ်ရာ၊ ဇောက်ယူဇနာ တစ်ရာ မြင့်၏။ အပမီးလျှံ လေးမျက်နှာ လေးရာ၊ လေးမျက်နှာ သံတံတိုင်းအထု ကိုးယူဇနာ၊ အောက်သံမြေအပြင် ကိုးယူဇနာ၊ အထက် ငရဲ အိုးသံအဖုံး ကိုး ယူဇနာ၊ သံတံတိုင်း၏ မြေအဖုံး သိမ်းဆည်းရာအရပ် ငါးဆယ့် လေး ယူဇနာ၊ ပေါင်း ခုနစ်ရာငါးဆယ့်လေး ယူဇနာ ရှိလေသည်။

ဘင်ပုပ်ငရဲငယ် ယူဇနာ လေးရာ၊ ပြာပူငရဲငယ် တစ်မျက်နှာ ယူဇနာ သုံးရာစီ ဖြစ်၍ လေးမျက်နှာအားဖြင့် ယူဇနာ တစ်ထောင်နှစ်ရာ၊ သန်လျက်တော ငရဲငယ်

mgyoe.com

mgyoe.com

ထက်ဝန်းကျင် ယူဇနာ လေးရာ၊ ကြိမ်ပိုက်ချောင်း ငရဲငယ် ယူဇနာလေးရာ၊ ကြိမ်ပိုက်ချောင်း ငရဲငယ် ကမ်းနှစ်ဖက် သင်တုန်းသွားခရိုး ယူဇနာနှစ်ရာ၊ ထက်ဝန်းကျင် အလျားအနံ ငရဲငယ်နှင့်တစ်ကွ အဝီစိငရဲ ယူဇနာတစ်သောင်း၊ *ဇမ္ဗူဒီပါ၊ တာဝတိံသာ၊ အသူရာပြည်၊ သောင်းလေးရပ် မှတ်လေ၊ ကြွင်းသော ငရဲကြီးတို့သည်လည်း အတွင်းယူဇနာ တစ်ရာစီချည်း မှတ်လေ။ (ဆဂဝတိဒီပနီလာ)]

## ငရဲအိုး အလုံး ၄၀

၃၇။ ကြေးနီအိုးကြီး၊ စီးသည် အလျှံ၊ လက်ပံတစ်ချက်၊ သန်လျက်တမည်၊ ကြေးနီရည်ကို၊ တောက်သည်ရဲရဲ၊ သံတွေခဲနှင့်၊ မစဲမည်၊ အလျှံပြောင်ပြောင်၊ မီးကျီးတောင်နှင့်၊ ပူလောင်ချစ်ချစ်၊ ဖွဲ့ကြမ်းဖြစ်ဟု၊ ထုသနဒီ၊ သိတတဝ၊ ကိုက်ထငင်ဆွဲ၊ ငရဲနှင့် ခွေး၊ ပြေးလွှဲမသာ၊ လွတ်ရာမမြင်၊ ထို့ပြင် တသီး၊ ကျောက်ကြီး ယန္တရား၊ ဆယ်ပါး လေးမွာ၊ လေးဆယ်ဖြာသည်၊ ရှောင်ပါရှင်းရှင်း ခုကကွင်း။ [ဤကား ယမလောကီ ငရဲအိုး အလုံးလေးဆယ် မှတ်ဖွယ် စကားရပ်တည်း၊ သဥ္ဇိုင်းငရဲမှာရှိသည့် ယမမင်း စီရင်ရာအရပ် မှတ်လေ]

[ငရဲကြီး ရှစ်ထပ်၊ ဥဿဒ ငရဲငယ် တစ်ရာ့နှစ်ဆယ့်ရှစ်ထပ်၊ ယမလောကီ အလုံးလေးဆယ်၊ ပေါင်း တစ်ရာခုနစ်ဆယ့်ခြောက်ထပ် မှတ်လေ]

## ပြိတ္တာမျိုး ၁၂-ပါး

၃၈။ (က) ဟောဝန်တောဌ်၊ သောသောအုန်အုန်၊ နေတုံ ပြိတ္တာ၊ ဆယ့်နှစ်ဖြာကား၊ သူနာအန်ဖတ်၊ စားလတ်တုံထ၊ ဝန္တသတည်း၊ ကုဏပါ

---

* ဇမ္ဗူဒီပါ၊ တာဝတိံသာ၊ အသူရာ၊ မဟာအဝီစိ လေးဌာနသည် ယူဇနာ တစ်သောင်းစီ ရှိကြသည်ဟုသာ ဓမ္မပဒ အဋ္ဌကထာ စသော သံဂါယနာဝင် ကျမ်းအများ၌ ဖော်ပြကြ၏။ သောင်းလေးရာဟု မလာ၊ ပျို့ကဗျာများတွင်လည်း ကျမ်းဂန်များနှင့် တကြွတည်း ညီစွာ စပ်ဆိုလျက်ရှိကြသည်။

"ယင်းသည် အသူရာ၊ ဝတိံသာနှင့်၊ မဟာနိရယ၊ မြဇမ္ဗူဒီ၊ သောင်းလေးလီဟု၊ စေညီတို့စု" (လောကဝိဒူ မော်ကွန်း)

"ဝတိံသူရာ၊ ဒီပါဇမ္ဗူ၊ ဝီစိဟူသား၊ လေးဆူပညတ်၊ သောင်လေးရပ်တွင်"

(မဃဒေဝ)

mgyoe.com

mgyoe.com

ကား၊ စားရာသူကောင်၊ ထို့နောင်တစု၊ ဂူထခါ ဒကာ၊ စားရာ မစင်၊ ထို့ပြင် မီးတောက်၊ ခံတွင်းအောက်က၊ ထွက်ထတုံဘိ၊ အင်္ဂါဇာလ၊ မုခ တဖြာ၊ ငယ်စွာ တုံငြား၊ အပ်နဖားမျှ၊ ခံတွင်းဝဒ္ဓိ၊ နာမတွင်ဘိ၊ သူစိမုခ၊ တဏှိကကား၊ လျှာဖျားစွတ်လောက်၊ ရေ တစ်ပေါက်မျှ၊ မသောက်ရပါ၊ ငတ်မွတ်စွာသည်၊ သံသရာဘေး စေ့စေ့တွေး။

(ခ) သုနိဇ္ဈာပက၊ တောက်ပဝင်းပြောင်၊ ကိုယ်လုံးဟောင်လျက်၊ ထို့နောင် တခြား၊ ကိုယ်အသားကို၊ စားလေတုံရ၊ သတ္တင်္ဂတည့်၊ နာမခေါ်တွင်၊ ပဗ္ဗဘင်္ဂ၊ အခိုးထသား၊ အဇသညာ၊ လျှံဝါနေ့ည၊ ထွက်ထအခိုး၊ ကံနှစ်မျိုးကြောင့်၊ နှစ်ကျိုးခံရ၊ ဝေမာနိက၊ မရအစာ၊ ချမ်းသာ မဟိဒ္ဓိက၊ ဖြစ်တုံရဟု၊ ညွှန်ပြမိန့်မှာ၊ ကျမ်းဝယ်လာ သည်၊ လေးဖြာ ပါယ်တွင်း ခုကကွင်း။ [ဤကား ပြိတ္တာမျိုး တစ်ဆယ့် နှစ်ပါး စကားရပ် မှတ်ဖွယ်တည်း။ အဇမှာ အဇဂရင်္ဂယူလေ]

## နေမိ ငရဲခန်းလာ မှတ်ဖွယ်

၃၉။ (က) ကြိမ်ပိုက် ခွေးရဲ၊ ရိုက်စွဲလှန်ကန်၊ တစ်ဖန် မီးတွင်း၊ ခါးတိုင်း ဆင်းလျက်၊ ခံခြင်းဖောက်ထိုး၊ ကြေးနီအိုးနှင့်၊ သံကြိုးပတ်ရစ်၊ ဖွဲကြမ်းဖြစ်က၊ ပါးစောင်ဝသို့၊ လုံမသံပြား၊ ထိုးငြားမယွင်း၊ သာ ညှင်းငရဲ၊ သံမြေထဲ၌၊ စွဲတုံထင်းသွင်၊ မစင်အိုင်ကြီး၊ တသီး သွေး ပြည်၊ စားသည် တခြား၊ နွားရေအသွင်၊ တသင်ထိုးနှက်၊ ကားကြက် တဝ၊ ကြိတ်ထ တောင်ကြီး၊ မီးကျီးအတွင်း၊ ဆင်းသည် ဖောက်ထိုး၊ အမျိုးကြောက်ဖွယ်၊ ပေါင်းဝယ် ဆယ်ခြောက်၊ ဤမျှလောက်ဖြင့်၊ ဘုန်းတောင် လျှံလင်း၊ နေမိမင်းအား၊ ပြစကားကို၊ မှတ်သားဆွေး နွေး ဉာဏ်ဖြင့်တွေး။

(ခ) ဘဝရှေးခါ၊ ပြုသည်မှာကား၊ မကြင်နာဘဲ၊ ညှဉ်းဆဲ ဝန်တို၊ ထို့တူ တကွ၊ သီလရှင်အား၊ ညှဉ်းဆဲငြား၍၊ မြေကား မနေ၊ သက်သေ စဉ်းလဲ၊ မကွဲရှေးသွင်၊ သီလစင်အား၊ ငှက်သတ်စားနှင့်၊ စပါး

mgyoe.com

mgyoe.com

ရောင်းလွဲ၊ ကျွဲ နွား ဆိတ် ခိုး၊ ဝက်သတ်မျိုးက၊ ရေပိုး ငါးသတ်၊ ဖြတ်လတ်ခင်ပွန်း၊ သတ်တွန်းမိဘ၊ တကွ ရဟန္တာ၊ ရောက်ရာ မလွဲ၊ ချိန်စဉ်းလဲနှင့်၊ တပ်စွဲ သူ့လင်၊ ထိုပြင် တခြား၊ သူ့မယားအား၊ မှားယွင်းခဲ့ချေ။ တထွေ ဒိဋ္ဌိ၊ အယူရှိ၍၊ ညှိလေ ဉာဏ်ရှိ၊ အစဉ် အလျောက်၊ ရွှေးကောက်လေကား၊ ရှေးစကားကို၊ အသွားနှစ်ခု ညီအောင်ပြု။ [ဤကား မာတလိနတ်သား ရထားထိန်းက နေမိမင်းကြီးအား ငရဲပြည်ကို ပြသော စကားရပ် မှတ်ဖွယ် ဆောင်ပုဒ် သရုပ်တည်း]

## နေမိ နတ်ပြည်ခန်းလာ မှတ်ဖွယ်

၄၀။ (က) ပတ္တမြားတထွေ၊ ရွှေကား တတန်၊ ဖလ်ပတ္တမြား၊ အလားတူခေါင်၊ ဘုံနှစ်ဆောင်တည့်၊ ထိုနောင် ကျောက်မျက်ရွဲ၊ မလွဲ နှစ်တန်၊ ရွှေ ဗိမာန်သည်၊ တမန်နတ်သား ပြစကား။

(ခ) စားရာ ခွဲဝေ၊ တထွေကျောင်းဆောက်၊ ထိုနောက်ဘုံမှာ၊ သစ္စာ စောင့်ဖူး၊ တထူးလည်းကောင်း၊ ကျောင်းရေတွင်း ဆည်၊ လှူသည် မခြား၊ နှစ်ဘုံသားတည့်၊ တံတားရေတွင်း၊ စောင့်ခြင်းသီလ၊ ဆွမ်း ဒါနပေ၊ ဘုံနှစ်ထွေဋ္ဌ၊ စံနေတုံရ၊ ကဿပ သာသနာ၊ ရှည်ကြာ ကြိုးပမ်း၊ ရဟန်းပြုဖူး၊ ဥပုသ် ကျောင်းလှူ၊ ကံဟောင်းကူသည်၊ ကြည်ဖြူထက်ဖျား ပျော်စံစား။ [ဤကား မာတလိနတ်သား ရထားထိန်း က နေမိမင်းကြီးအား နတ်ပြည်ကို ပြသော စကားရပ်မှတ်ဖွယ် အကျဉ်းဆောင် ပုဒ်တည်း]

## ကာမေသုမိစ္ဆာရ အပြစ်

၄၁။ (က) ရာဇဂြိုဟ်ပြည်၊ ပန်းထိမ်သည်စစ်၊ ဖြစ်သည်တလီ၊ ကောသမ္ဗီကား၊ သူဌေးသားတည့်၊ လားလေငရဲ၊ ဖောက်လဲတဖြာ၊ ဆိန္ဓုဂရစ်၊ ဆိတ် ဖြစ်သည့်နောက်၊ တောမျောက်တစ်ဖန်၊ ဒသန္နတွင်၊ ဖြစ်ချင် နွားလား၊ တခြားဝဇ္ဇီ၊ ဖြစ်သည့်နပုန်း၊ နောက်ဆုံးတသီး၊ နတ်သမီး လျှင်၊ ဖြစ်လေချင်သည်၊ မစင်နှင့်ကား သူ့မယား။ [ဤကား ကာမေသု

mgyoe.com

mgyoe.com

မိစ္ဆာစာရအဖြစ် အကျဉ်းဆောင်ပုဒ် သရုပ်မှတ်ဖွယ်တည်း (နာရဒ ဇာတ်လာ)]

(ခ) မိစ္ဆာကျင့်မှား၊ သူဌေးသားတို့၊ ပြေးသွားဝင်လျှိုး၊ ကြေးနီအိုးဝယ်၊ ဇောက်ထိုးကျရောင်း၊ နှစ်သုံးသောင်းထိ တစ်ခါ၊ ငင်းသုံးသောင်းကြာမှ၊ ပေါ်လာတုံကြ၊ ဒု သ န သော၊ ရွတ်သောအက္ခရာ၊ ပြီးခါဂန္ထ၊ နှစ်ပြန်ရသည်၊ ရှောင်ကြလေကား သူ့မယား။ [ဤကား ကာမေသု မိစ္ဆာစာရကံကြောင့် သူဌေးသား ငရဲလားကြောင်း စကားရပ် မှတ်ဖွယ်တည်း]

## ဘုရားဥစ္စာ ဖျက်ဆီးခြင်း အပြစ်

၄၂။ နှစ်သုံးလေးငါး၊ ဘုရားရှင်ကျော်၊ ပွင့်ပြားသော်လည်း၊ ကျွတ်သော်ဝေးလံ၊ နံမည်ထားဘိ၊ လျှာဖျားစွတ်လောက်၊ တံတွေးပေါက်မျှ၊ မသောက်ရတွန်း၊ ဆာပူလွန်သည်၊ ကျောင်းကန်ဘုရား ဥစ္စာစား။ [ဤကား ဘုရားဥစ္စာကို ဖျက်ဆီးသောအပြစ် စကားရပ် မှတ်ဖွယ်တည်း]

## ငရဲကျဖွယ် ၂၁-ပါး

၄၃။ တံငါမုဆိုး၊ တံစိုးစားလေ၊ တထွေသူသတ်၊ ဖျက်လတ်ပြည်ရွာ၊ ပါရာဇိက၊ မိဘပြစ်မှား၊ ကင်းခွန်စားနှင့်၊ ငါးဆေးခတ်သူ၊ ခိုးယူမယား၊ မျောက်မထားနှင့်၊ ပျားဖွပ် နတ်ဝင်၊ ထိုပြင် တသီး၊ စစ်ကြီး တည်သည်၊ အရက်သည်နှင့်၊ ရောင်းသည် အဆိပ်၊ ဘိက္ခုနီမ၊ ဖျက်ထ သာသနာ၊ လျင်စွာ မယုတ်၊ အသိုးထုတ်နှင့်၊ လုပ်သည် ပန်းပဲ၊ မလွဲစင်စစ်၊ ပြုလစ်ကုန်ထ၊ သေကာလဝယ်၊ ကျလိမ့် ငရဲ ဝီစိထဲ။ [ဤကား အဝီစိငရဲတို့ ပစ်ချတတ်သော အကုသိုလ် နှစ်ဆယ့်တစ်ပါး စကားရပ် မှတ်ဖွယ်တည်း]

[နှစ်ကျိပ်တစ်ယောက်တွင် တစ်ကျိပ်ကိုးမှာ သံဝေဂသတိရ၍ ကုသိုလ်တရားအားထုတ်က လွတ်နေရ၏။ မုဆိုး၊ တံငါ၊ ဤသူနှစ်ယောက်မှာ အသက်ထက်ဆုံးအလှူပေးသော်လည်းကောင်း၊ တရားနှစ်ဝသော်လည်းကောင်း၊ မလွတ်သာချေဟုလာသည်။ အဟုတ်အဟတ် ကြပ်ကြပ်ခဲ၍ ဆင်ခြင်လေ။ ။ (ဓမ္မပဒဝတ္ထုလာ)]

mgyoe.com

mgyoe.com

## သံဝေဂဖြစ်ဖွယ် သတိပေးချက်

၄၄။ ရုပ်လေးပါး၌၊ ထွေပြားဥဿုံ၊ ဆင်းရဲဘုံကို၊ ရေးတုံပြားမှု၊ ဘုရားလွတ်စေ၊ ဗိုလ်ခြေတစ်သောင်း၊ ခံတွင်းပေါင်းဖြင့်၊ မညောင်းရေရွတ်၊ သက်ဆုံးမှတ်လည်း၊ မတတ်လေအား၊ ခံရပြားသည်၊ ရှစ်ပါးသံဝေ ထိတ်လန့်စေ။ [ဤကား အပါယ်လေးပါးတည်း ဟူသော သံသရာဝဋ်၌ မွန်းနစ်ရကြောင်း စကားရပ် မှတ်ဖွယ်တည်း]

## မိစ္ဆာဒိဋ္ဌိ အပြစ်

၄၅။ ဘုရားအလောင်း၊ အပေါင်းလူ့ရွာ၊ ပွင့်တုံပါလည်း၊ ကျောက်ဖျာရေထဲ၊ ပေါ်ခဲသည်နှယ်၊ ရလွယ်မည်ရေး၊ အလွန် ဝေးသည်၊ ယုတ်မြေးတရား အယူမှား။ [ဤကား မိစ္ဆာဒိဋ္ဌိအပြစ် စကားရပ် မှတ်ဖွယ်တည်း]

## သားငယ်စွန့်ပစ် ဝိပါတ် ၇-ပါး

၄၆။ သကြာရနှင့်၊ ဝဇ မင်္ဂေ၊ တထွေ သုဿာန်၊ တစ်ဖန ကမ်းပါး၊ ချပြားမီးတွင်း၊ သေခါရှင်းနှင့်၊ သေလျှင်စိမ့်ငှာ၊ ခုနစ်ဌာန၊ ဝိပါကကြောင့်၊ ပစ်ချ စွန့်ထား၊ ခံရပြားသည်၊ သားငယ် ရင်သွေး ဖြစ်ခဲ့ရှေး။
[ဓမ္မပဒကျမ်း၌လာသော ဃောသက သူဌေးဝတ္ထုမှာ ကြည့်လေ]

## သရဏဂုံ ၄-ပါး

၄၇။ (က) ကိုယ့်ကို ဆောင်လျှင်း၊ လဲလျောင်းခြင်းနှင့်၊ ဝပ်စင်း ရိုးကျိုး၊ ရှိခိုးတုံပြား၊ တပည့်သားအဖြစ်၊ စင်စစ်သရဏဂုံ၊ ဤလေးစုံကို၊ ယုံလေ အမြဲ သက်ဆုံးစွဲ။

(ခ) ဒက္ခိဏာယျ၊ အယညာတိ၊ အာစရိယ၊ ဤလေးဝကား၊ ပြားထပါဏီ၊ ဖြစ်လေဘိ၏၊ မည်ရှိအနက်၊ နောက်သုံးချက်ကား၊ မပျက်ပြားတည်၊ တစ်ပါးသည်သာ၊ မှန်စွာမလွဲ၊ တည်ပျက်မြဲသည်၊ စွဲလေမမှား သတိထား။

[သရဏဂုံလေးပါး တစ်ပါးတစ်ပါးက နှစ်ပါးစီ ပြားပြန်၏ ဟူလို၊ တစ်ပါး မပျက်

mgyoe.com

mgyoe.com
သည်၊ သရဏဂုံ ပျက်ရာသည်၊ တည်ရာသည်၊ မတည်ရာသည် သုံးပါး ဆိုလိုသည်။ သုတ်သီလက္ခန် အဋ္ဌကထာတို့၌ မှတ်လေ]

## သရဏပုံ အကျိုး ၁၀-ပါး

၄၈။ လောကုတ္တရာ သရဏဂုံ၊ အကျိုးတုံကား၊ လေးစုံဖိုလ်နှင်း၊ အိုခြင်း ကင်းရာ၊ နိဗ္ဗာန်သာတည့်၊ တဖြာလောကီ၊ ခေတ်တည်သရဏာ၊ အကျိုး မှာကား၊ ချမ်းသာ ခွန်အား၊ လှပြား အဆင်း၊ စိုးရခြင်းနှင့်၊ ရှည်ခြင်း အသက်၊ ငါးချက်အာရုံ၊ ဤဆယ်စုံကို၊ ပုံသေမလွဲ ရလေမြဲ။

## သရဏဂုံ ပဥ္စသီလအကျိုး

၄၉။ ဘုရား တရား၊ သံဃာအားနှင့်၊ သုံးပါး သရဏာ၊ ယုံကြည်စွာ လတ်၊ မြဲဆည်းကပ်လော့၊ မသတ် သူ့သက်၊ မခိုးဝှက်ရာ၊ အိမ်ရာ မမှား၊ မုသား မဆို၊ သေကို မသောက်၊ စောင့်ရှောက် ပဥ္စသီ၊ နေ့တိုင်းတည်က၊ လေးမည် ပါယ်ပြစ်၊ လွတ်ကြောင်းဖြစ်သည်၊ ခုနစ်ဘုံထဲ ရောက်လေမြဲ။ [ဤကား သရဏဂုံ သုံးပါး၊ ပဥ္စသီလ ငါးပါး အကျိုးတရား စကားရပ် မှတ်ဖွယ်တည်း]

## ဥပုသ်အပြား ၃-ပါး

၅၀။ ဗြဟ္မ ဓမ္မ၊ သံဃာသီလာ၊ ဒေဝတာဟု၊ ငါးဖြာသီလ၊ အရိယ တည့်၊ နှစ်ဝ ဥပုသ်၊ ဝေါနိယုတ်ကား၊ မဟုတ် အကျိုး၊ မဖွံ့ဖြိုးတည့်၊ သုံးမျိုး ငါးဝ၊ အရိယကို၊ နိစ္စအမြဲ ကျင့်သုံးစွဲ။ [ဤကား ဥပုသ်အပြားသုံးပါး စကားရပ် မှတ်ဖွယ်တည်း]

[ဥပုသ်အပြားသုံးပါးတို့တွင် အရိယဥပုသ်က ငါးပါး ပြား၏။ အရိယဥပုသ် ကိုသာလျှင် ကျင့်သုံးဆောက်တည်လေ ဟူလိုသည်]

## ဥပုသ်စောင့်ခြင်း အကျိုး

၅၁။ ဥပုသ်ထက်ဝက်၊ အကျိုးဆက်ကြောင့်၊ အထက်နတ်ပြည်၊ ရောက်လေ သည်တည့်၊ နေ့ရှည်ရက်ကြာ၊ စောင့်ရရာဝယ်၊ ဆိုဖွယ်မရှိ၊ အကျိုး
mgyoe.com

mgyoe.com


ရှိသည်၊ သတိအမြဲ နှလုံးစွဲ။ [ဤကား ဥပုသ်အကျိုးစကားရပ် မှတ်ဖွယ်တည်း။]

## ဥပုသ်သည် နှလုံးထားဖွယ်

၅၂။ ခေါင်းကိုဖွပ်ရာ၊ တလျော်သာတည့်၊ ကိုယ်မှာကြေးသတ်၊ ဆပ်ပြာအဝတ်၊ ကြေးမုံ ဖွပ်ရာ၊ ဆားနှင့်သာတည့်၊ ငွေမှာကား မြေ၊ ငါးထွေသောပုံ၊ ငါးစုံ ဥပုသ်၊ စောင့်ချုပ်တုံကြ၊ ပုရိသတို့၊ သီလရှစ်ထွေ၊ စောင့်နည်း ဖွေသည်၊ ဖြူစေရှင်းရှင်း ဆယ့်နှစ်သင်း။ [ဤကား ဥပုသ်သမား နှလုံးထားရာ ဥပမာ စကားရပ် မှတ်ဖွယ်တည်း]

## သီလကျိုးပေါက် ပြောက်ကျားပုံ

၅၃။ *စနှင့်ဆုံးကို၊ ကျိုးသည်ဆိုလော့၊ လယ်ကိုအပေါက်၊ ပြောက်သည်မှာ ကား၊ နှစ်သုံးခြား၏၊ ကျားသည်မှာမူ၊ တစ်ခုယူလော့၊ ယူလေအမြဲ၊ သုံးစွဲ သီလ၊ နိစ္စကျင့်ရိုး၊ အကျိုးအပေါက်၊ အပြောက်အကျား၊ သီလများကို၊ ဟောကြားမိန့်မှာ၊ ပရိဝါ၏၊ ဋ္ဌကထာမှ၊ ထုတ်ဖော်ပြသည်၊ သိကြစေကား အမျိုးသား။ [ဤကား သီလကျိုးပေါက် အပြောက်အကျား စကားရပ် မှတ်ဖွယ်တည်း]

## သပ္ပုရိသဒါန ၅-ပါး

၅၄။ ဝတ္ထုဩဝယ်၊ တွယ်တာ မငြိ၊ မရှိ ချီးမြှောက်၊ မရောက် ရှုတ်ချ၊ သက္ကစနှင့်၊ ကာလ သဒ္ဓါ၊ ဤငါးဖြာကို၊ ကောင်းစွာ ဖြောင့်စင်း နှလုံးသွင်း။ [ဤကား သပ္ပုရိသဒါနငါးပါး စကားရပ် မှတ်ဖွယ်တည်း]

---

* သီလကျိုး၊ ပေါက်၊ ပြောက်၊ ကျားနှင့် ပတ်သက်၍ သုတ်မဟာဝါ အဋ္ဌကထာ မဟာ ပရိနိဗ္ဗာန (၁၂၆) မူလပဏ္ဏာသအဋ္ဌကထာ (၃) ကောသမ္ဗကသုတ် (၂၆၈) ပဋိသမ္ဘိဒါမဂ္ဂ အဋ္ဌကထာ (ပ) သီလမယကထာ (၂၁၁)။ အင်္ဂုတ္တရအဋ္ဌကထာဆက္က (၈၈)။ သံယုတ္တ အဋ္ဌကထာ (တ) အတိပဏ္ဏာနုဝဂ္ဂ (၃၀၁) ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာ သီလာနုဿတိ (၁၉၀) တေရသကဏ်ဋီကာ (၃) သတ္တ သတိကက္ခန္ဓက (၅၂၇) စသည်တို့၌ ရှုလေ။

mgyoe.com

## ကာလဒါန ၅-ပါး

၅၅။ အာဂန္တုက၊ ဂမိကနှင့်၊ ဒုက္ခတဖြာ၊ သူနာတထူး၊ သစ်သီးဦးနှင့်၊ ကောက်ဦး အလှူ၊ ပေးရမူကား၊ ယူမည်သာကြံ၊ စံမည်သာကြား၊ အကျိုးများသည်။ သုံးပါးလယ်မြေ ကြဲမိစေ။ [ဤကား ကာလဒါန ငါးပါး စကားရပ် မှတ်ဖွယ်တည်း]

## ကောက်ဦးလှူခြင်း ၉-ပါး

၅၆။ နို့ရည်အခဲ၊ မလွဲရိတ်နုတ်၊ အဆုပ်အစည်း၊ ယူပြီးတလင်း၊ မယွင်းနယ်ဦး၊ ခြင်ဦးကျီသွင်း၊ လုပ်လျင်း စပါး၊ တသီးအားကို၊ လှူငြားရှေးက ကောဏ္ဍ ည။ [ဤကား စပါးအသီးလှူသည်၌ ကောက်ဦး ကိုးကြိမ်လှူသော စကားရပ် မှတ်ဖွယ်တည်း (ဓမ္မပဒ အဋ္ဌကထာလာ)]

## ကောက်ဦးလှူကျိုး ၈-ပါး

၅၇။ ဝဏ္ဏရသ၊ ဘောဂမဟာ၊ အနာဗျာဓိ၊ မရှိဘေးရန်၊ ခြွေရံမှုကွဲ၊ မပြဲရှိသေ၊ လှူပေရှေးဦး၊ ကောက်ဦးလှူရာ၊ စေတနာကြောင့်၊ ကမ္ဘာတစ်သိန်း၊ ကင်းငြိမ်းအပါယ်၊ ဆုံးဝယ်ဘဝ၊ ပစ္ဆိမဒ္ဓ၊ သုစိန္တိတ ရဟန္တာ၊ ဖြစ်ရာ တစ်ကြောင်း၊ နှောင်လာကောင်းအောင်၊ ပျိုးဝင်ထောင်ရှင့်၊ တောင်သူ ယောကျ်ား၊ လယ်သမားတို့၊ စပါးလုပ်ကျိုး၊ ဒါနမျိုးကို၊ စိုက်ပျိုးစိမ့်ငှာ၊ ထုတ်မိန့်မှာသည်၊ သုံးဖြာစိုက်ခင်း ကောင်းစေမင်း။ [ဤကား ကောက်ဦး လှူခြင်း အကျိုးရှစ်ပါး စကားရပ် မှတ်ဖွယ်တည်း]

[ကာလဒါနအလှူကို ပေးလှူရသော သူတို့သည် ဘဝတိုင်း ဘဝတိုင်း ပထမ အရွယ်တွင်း သုံးဆယ့်သုံးနှစ်တွင်းက စည်းစိမ်ကြီးရှင် ခံရ၏ဟု ကာလဂတာ စသာ အတ္ထာ ပစုံရာဟောန္တိ ဟူသော ကောင်းမှုသည် ဘဝတိုင်း ဘဝတိုင်း ပျိုပျို ငယ်ငယ် ရွယ်ရွယ် စောစောက စည်းစိမ်ကြီးရှင် ခံချင်ကြလျှင် ငါးစုံသော ပျိုးခင်း ကြီးကို အပြီးထောင်မိကြစေ။

ယခုကာလ လူဗာလတို့သည် တစ်ယောက်ကို တစ်ယောက် ပျိုး ဘယ်လောက် ထောင်မိပြီနည်း၊ အဘယ်မျှ စိုက်မိပြီနည်းဟု၊ အဖန်တလဲလဲ မေးခြင်း၊ အဘယ်မျှ ထောင်မိပြီ၊ အဘယ်မျှ စိုက်မိပြီဟု အဖန်တလဲလဲ ပြောခြင်းကိုသာ ပြုလေ့ရှိကြသည်။

mgyue.com

ကာလဒါနတည်းဟူသော ငါးခုသော ပျိုးခင်းကြီးတွင် အဘယ်ပျိုးခင်းကို ထောင်မိပြီနည်းဟု မေးလေ့၊ ပြောလေ့ မရှိကြခဲ့။ ဤပျိုးခင်းသည်သာ ဗုဒ္ဓပျိုးခင်း စင်စစ်ကေန် ဖြစ်ချေသည်။ ကောက်ညှင်းခင်း၊ ငချိပ်ခင်း စသည်တို့ကို ဗုဒ္ဓပျိုးခင်း မဟုတ်၊ ငါးပါးအာရုံ ကာမဂုဏ် ပျိုးခင်းသာ ဖြစ်ချေသည်။ သတိရှိကြစေ]

## ဘောဇဉ် ၅-ပါး

၅၈။ မစ္ဆ မံသ၊ ကုမ္မာသနှင့်၊ ဩဒန သတ္တု၊ ဤငါးခုကို၊ သုံးခု လူ့ရှင်စော ဘောဇဉ်ဟော။ [ဤကား ဘောဇဉ် ငါးပါး စကားရပ် မှတ်ဖွယ်တည်း။]

## ဆွမ်းလှူကျိုး ၅-ပါး

၅၉။ အသက်ရှည်ခြင်း၊ အဆင်းပညာ၊ ချမ်းသာခွန်အား၊ ငါးပါးအလှူ ပေးသည်ဟူလိမ့်၊ နောက်မူဘဝ၊ သံသာရ၌၊ ဗလငါးတန်၊ ရလိမ့်မှန်သည်၊ ကျမ်းဂန်ဟောရိုး ဆွမ်းအကျိုး။ [ဤကား ဆွမ်းအကျိုး ငါးပါး စကားရပ် မှတ်ဖွယ်တည်း]

## ဆွမ်းအဖျော်လှူကျိုး ၁၀-ပါး

၆၀။ အသက်ရှည်ခြင်း၊ တည်ကြည်ခြင်းနှင့်၊ အဆင်းပညာ၊ ချမ်းသာ ခွန်အား၊ များသည်ထမင်း၊ ရခြင်းတဖြာ၊ များစွာခြွေရံ၊ ကျိုးဆယ်တန်ကို၊ အန္နပါန၊ လှူဒါနကြောင့်၊ ရကြောင်းဂါထာ၊ ကျမ်း၌လာသည်၊ နှစ်ဖြာစိုက်ခင်း စိုက်လေမင်း။ [ဤကား ဆွမ်းအဖျော်အကျိုး ဆယ်ပါး စကားရပ် မှတ်ဖွယ်တည်း]

[နှစ်ဖြာစိုက်ခင်း ဟူရာ၌ ပုဂ္ဂလိကအလှူ သံဃိကအလှူ နှစ်ပါးကို လှူလေဟူလိုသည်။ ငါးပါးမှာ အင်္ဂုတ္တိုရ်၌ လာသည်၊ ဆယ်ပါးမှာ အပဒါန်၌ လာသည် မှတ်လေ]

## ယာဂုလှူကျိုး ၁၀-ပါး

၆၁။ (က) အာယု ဝဏ္ဏ၊ သုခတခြား၊ ခွန်အားပညာ၊ အစာကျေခြင်း၊ သုတ်သင်ခြင်းနှင့် နှိပ်နင်းလေနာ၊ မွတ်သိပ်စွာနှင့်၊ ဆာလောင်ပျောက်ထ၊ ဤဆယ်ဝကြောင့်၊ နိစ္စမပြတ်၊ ပေးလှူအပ်ဟု၊ လူနတ်ဆရာ၊ မိန့်ခဲ့

 mgyoe.com 

မှာသည်၊ ဆယ်ဖြာကောင်းကျိုး စိုက်ချပျိုး။ [ဤကား ယာဂုအကျိုး ဆယ်ပါး စကားရပ် မှတ်ဖွယ်တည်း]

[သုတ်သင်ခြင်းဟူရာ၌ အကုသိုလ်ကို သုတ်သင်သည် ဆိုလိုသည်။ (မဟာဝါ ပါဠိတော်လာ)]

(ခ) တစ်နည်းငါးဖြာ၊ အကျိုးမှာကား၊ အနာလည်းကင်း၊ အဆင်းလည်းလှ၊ မထအကြော၊ ပေါများအစာ၊ ရှည်စွာအသက်၊ ဤငါးချက်နှင့်၊ စုံလျက်မကွာ၊ ကမ္ဘာသုံးသောင်း၊ ရှည်ညောင်းလုစွာ၊ လွန်ချမ်းသာ၍၊ ဆုံးခါဘဝ၊ ပစ္ဆိမဒ္ဓ၊ ယာဂုဒါယကာ၊ ရဟန္တာဖြစ်ကြောင်းလာသည်၊ ကျမ်းလာတစ်မျိုး ယာဂုကျိုး။ [ဤကား ယာဂုအကျိုး စကားရပ် မှတ်ဖွယ်တည်း။ (အပဒါန် ပါဠိတော်လာ)]

## ရေလှူကျိုး ၇-ပါး

၆၂။ (က) တောင်ဖျားသစ်ပင်၊ ကောင်းကင်ရေရှား၊ နေမိပြားလည်း၊ မရှားလွယ်ကာ၊ ပူဆာအိုက်ခြင်း၊ ကင်းသည်အနာ၊ ကိလေသာကြေး၊ ကင်းဝေးစင်ကြယ်၊ စိတ်ဝယ်သန့်ရှင်း၊ ညစ်ကြေးကင်း၍၊ အဆင်းတင့်တယ်၊ ရွှေသဖွယ်သို့၊ ကိုယ်ဝယ် ကောင်းစွာ၊ နံ့သာအလား၊ မိုးကားတောင့်တ၊ ရွာရစင်စစ်၊ ခုနစ်ကျေးဇူး၊ ခံရဖူးသည်၊ ကြည်နူးရှိသေ လှူမိစေ။ [ဤကား သောက်ရေ၊ သုံးဆောင်ရေ၊ ချိုးရေ လှူကျိုး ခုနစ်ပါး စကားရပ် မှတ်ဖွယ်တည်း]

(ခ) ရေတစ်ဘူးမျှ၊ ကြည်နူးရှိသေ၊ လှူမိပေ၍၊ ကောင်းထွေမူလ၊ အိမ်ကျွန်မလျှင်၊ မိုးဝတောက်ထွန်း၊ တန်ခိုးလွှမ်း၍၊ ကျယ်ဝန်းလုစွာ၊ ရွှေဘုံသာ၌၊ သွယ်ဖြာရောင်လျှံ၊ ရွှင်ပျော်စံသည်၊ ကျမ်းဂန်စကားသတိထား။ [ဤကား ရေတစ်ဘူးလှူရသော ကုသိုလ်ကံကြောင့် ရွှေဗိမာန်မှာ စံရကြောင်း စကားရပ် မှတ်ဖွယ်တည်း]

(ဂ) ရဟန်းတော်များ၊ ဆယ့်ခြောက်ပါးလျှင်၊ ဘုရားဖူးလာ၊ တွေ့သည်တာကြောင့်၊ သဒ္ဓါကြည်ဖြူ၊ ရေကိုလှူ၍၊ ဆွတ်ယူလွတ်ကာ၊ လိုရာမက၊ တကာမလျှင်၊ သတ္တရတနာ၊ ဘုံရောင်၌၊ ပဒေသာပင်၊

mgyoe.com

mgyoe.com

ဝန်းကျင်ခြံရံ၊ ညိုးညိုးညံမှု၊ ရေကန်အနား၊ ကြာငါးပါးနှင့်၊ ပျော်ပါး ဖွယ်ရာ၊ နာဝါရွှေတောင်၊ ရဲရဲပြောင်မှု၊ စံစားရဟု၊ ဝိမာနဝတ္ထု၊ ပါဠိ အဋ္ဌကထာ၊ ကျမ်းဒွဲလာသည်၊ သဒ္ဒါဖြောင့်စင်း လှုစေမင်း။ [ဤကား ရေလှုအကျိုး စကားရပ် မှတ်ဖွယ်တည်း]

## ထာဝရဒါန ၆-ပါး

၆၃။ အရံသစ်ပင်၊ ရေအိုးစင်နှင့်၊ ထို့ပြင် ရေတွင်း၊ ခင်းသည်တံတား၊ ကျောင်း ကား တစ်ခု၊ ခြောက်စုဒါန၊ စိုက်ပျိုးရ၍၊ ဒိဝရတ္တိ၊ အောက်မေ့မိက၊ ည နေ့မချာ၊ ပွားသည်သာဟု၊ သုံးရွာလူ့ဘ၊ ညွှန်ပြ ရွှေနှုတ်၊ ကျမ်းသံယုတ် မှာ၊ တိုက်ရိုက်လာသည်၊ သေခါမမှား နတ်ရွာလား။ [ဤကား အခါခပ်သိမ်း ကုသိုလ်ပွားကြောင်း ဒါနခြောက်ပါး စကားရပ် မှတ်ဖွယ်တည်း]

## အဆင်းလှကြောင်း ၄-ပါး

၆၄။ အမျက်ထွက်ခြင်း၊ ကင်းပေတုံထ၊ အဒေါသနှင့်၊ လှည်းထ တံမြက်၊ မပျက် စေတနာ၊ ဝတ်ရာသင်္ကန်း၊ ဆွမ်းလှုဒါန်းက၊ အဆင်းလှ၍၊ တောက်ပ ဝင်းဝါ၊ ရွှေပမာသို့၊ လေးဖြာပွဲလယ်၊ လွန်တင့်တယ်သည်။ စိတ်ဝယ် ကြည်နူး တရားထူး။ [ဤကား သတ္တဝါတို့ အဆင်းလှခြင်း အကြောင်းတရား လေးပါး စကားရပ် မှတ်ဖွယ်တည်း]

## အမွေးနံ့သာ လှုကျိုး ၁၀-ပါး

၆၅။ အမွှေးလှုရာ၊ အကျိုးမှာကား၊ ကောင်းစွာကိုယ်နံ့၊ မွှေးပျံ့လှိုင်စွာ၊ ပညာ ခုနစ်၊ စုံစွာဖြစ်၍၊ စင်စစ်မကင်း၊ ကျော်စောခြင်းနှင့်၊ များခြင်းခြွေရံ၊ ဆယ်တန်အကျိုး၊ မွှေးမျိုးဒါန၊ စိုက်ပျိုးချက၊ ရလိမ့်မှန်စွာ၊ ကျမ်းဒွဲလာ သည်၊ ပညာရကြောင်း မျိုးစေ့ကောင်း။ [ဤကား အမွှေးအကြိုင် လှုခြင်း အကျိုးဆယ်ပါး စကားရပ် မှတ်ဖွယ်တည်း]

mgyoe.com

 mgyoe.com 

## သက်န်းလှူကျိုး ၈-ပါး

၆၆။ (က) သင်္ကန်းအလှူ အကျိုးမူကား၊ ရွှေတူ အဆင်း၊ မြူကြေး ကင်းလျက်၊ တောက်ခြင်းရောင်ဝါ၊ နူးညံ့စွာလျက်၊ သုံးဖြာပုဆိုး၊ လေးမျိုးသော ချည်၊ များသည် တစ်သိန်း၊ ခပ်သိမ်းဌာန၊ ဤရှစ်ဝကို၊ မုချမလွဲ ရလေမြဲ။ [ဤကား သင်္ကန်းအကျိုး ရှစ်ပါး စကားရပ် မှတ်ဖွယ်တည်း]

(ခ) အဘိဓမ္မာ၊ ကျမ်းအလာကား၊ ကောင်းစွာအဆင်း၊ ကောင်းခြင်း အသံ၊ တတန်အနံ့၊ မွှေးပျံ့ လှိုင်စွာ၊ ရသာဘောဇ၊ သုံးဆောင်ရ လျက်၊ ဖဿကိုယ်မှာ၊ နူးညံ့စွာနှင့်၊ ပမာဥမ်းလား၊ ကင်းငြားအနာ၊ ချမ်းသာ သုခ၊ ဤခြောက်ဝကို၊ နိစ္စမလွဲ စံရမြဲ။ [ဤကား အဘိဓမ္မာ ပိဋကတ်ကလာသော သင်္ကန်းအကျိုး ခြောက်ပါး စကားရပ် မှတ်ဖွယ်တည်း]

## သပိတ်လှူကျိုး ၁၀-ပါး

၆၇။ ပတ္တဒါန၊ လှူဒါန်းရမှု၊ လေးခုသောခွက်၊ နှစ်ချက် အစာ၊ အိပ်ရာ အဝတ်၊ ကင်းလွတ်ဥပဒ်၊ မကပ်ဘေးရန်၊ လေးတန်အာသဝ၊ ကင်းထတုံစွာ၊ ကိလေသာပါး၊ တရားဆန္ဒ၊ ကောင်းထစုံမက်၊ မပျက်စည်းစိမ်၊ စိတ်ဏ္ဍြေ၊ တည်ကြည်ပေလျက်၊ ဤဆယ်ချက်ကို၊ ဆက်ဆက်မလွဲရလေမြဲ။ [ဤကား သပိတ်လှူသော အကျိုးဆယ်ပါး စကားရပ် မှတ်ဖွယ်တည်း]

## ယပ်လှူကျိုး ၈-ပါး

၆၈။ ရာဂ ဒေါသ၊ မောဟ ငြိမ်းဘိ၊ ဒိဋ္ဌိစင်က၊ မာနကင်းကွာ၊ မီးတကာလည်း၊ ကင်းရာ မလွဲ၊ အိုက်အဲ တစ်ခန်း၊ အချမ်းအပူ၊ မသိမှု၍၊ စိတ်ပူပန်စွာ၊ ကင်းလေရာသည်၊ ရှစ်ဖြာအကျိုး စိုက်ချပျိုး။ [ဤကား ယပ်လှူသော အကျိုး ရှစ်ပါး စကားရပ် မှတ်ဖွယ်တည်း]

## ရေစစ်လှူကျိုး ၅-ပါး

၆၉။ ရေစစ်အလှူ ပေးသောသူအား၊ ရန်သူနှိပ်စက်၊ မပျက်နိုင်စွာ၊ ထက်မှာ နတ်လား၊ ရှည်ငြားတုံလျက်၊ လက်နက်အဆိပ်၊ မနှိပ်စက်ငြား၊ အကြား

mgyoe.com

မသေ၊ ဤငါးထွေကို၊ ကေန်မလွဲ ရအောင်ခဲ။ [ဤကား ရေစစ်လှူခြင်း အကျိုးငါးပါး စကားရပ် မှတ်ဖွယ်တည်း]

[အကြားမသေဟူရာ၌ စစ်နှစ်ဖက်တိုက်သော အကြား၌ လာသော်လည်း အသက် တမ်း မစေ့သမျှ အကြားတွင် မသေ ဆိုလိုသည်။ ယခုကာလ ရဲမက် လက်နက်ကိုင် စစ်သည်ဗိုလ်ပါတို့သည် ဓား၊ လှံ၊ သေနတ်၊ အန္တရာယ်ကင်းခြင်း အကျိုးငှာ ထိုးထွင်း လက်ဖွဲ့၊ ခလှဲ့အင်းအိုင်၊ အထိုင်အထ မန္တရားတို့ကိုသာ အားထုတ်ကြခဲ့၏။ အန္တရာယ်ကင်း ကုသိုလ်ထိုးကွင်းကို အားမထုတ်ကြ၊ ထိုးကွင်းလက်ဖွဲ့ကြောင့် အန္တရာယ်ကင်းသည်မှာ ဤဘဝသာ ကင်းနိုင်ရာချေသည်။ ဘဝတိုင်း လိုက်၍ ကင်း နိုင်ရာသည် မဟုတ်ချေ။ ကမ္ဘာအဆက်ဆက် စစ်လက်နက်နှင့် မကင်းနိုင်ချေ။ နိဗ္ဗာန် မရသမျှ လက်နက်ကိုင်လိုက်၍ စစ်တိုက်ကြရလတ္တံ့။ ယခု ဘဝက အန္တရာယ်ကင်း ကုသိုလ် ထိုးကွင်းရှိကြစေ]

## ခါးပန်းလှူကျိုး ၅-ပါး

၇၀။ တုန်လှုပ်မရှိ၊ သမာဓိ၌၊ တည်ဘိလေ့ကျက်၊ မပျက်ခြွေရံ၊ နာခံစကား၊ ထင်ရှားသတိ၊ မရှိယုတ်စွာ၊ ငါးဖြာကောင်းကျိုး၊ ပုညမျိုးကို၊ စိုက်ပျိုး လေမင်း ခေတ်အတွင်း။ [ဤကား ခါးပန်းအကျိုးငါးပါးစကားရပ် မှတ်ဖွယ်တည်း]

## သပိတ်လှူကျိုး ၅-ပါး

၇၁။ တစ်စုံတစ်ယောက်၊ မလှုပ်ချောက်နိုင်၊ မယိုင်မပျက်၊ လေ့ကျက်တရား၊ နိုးကြားသတိ၊ ပညာရှိ၍၊ ကောင်းဘိဆုံးဖြတ်၊ ဤငါးရပ်ကို၊ ဆတ်ဆတ် မလွဲ ရအောင်ခဲ။ [ဤကား သပိတ်ခြေ အကျိုးငါးပါး စကားရပ် မှတ်ဖွယ်တည်း]

## အိုးခွက်လှူကျိုး ၃-ပါး

၇၂။ ကျေးကျွန် မယား၊ လေးပါးအင်္ဂါ၊ အိုးလေမြွာနှင့်၊ များစွာ အဝတ်၊ သုံးအပ် ဖွယ်ရာ၊ ပြည့်စုံစွာသည်၊ သုံးဖြာလယ်တွင်း စိုက်လေမင်း။ [ဤကား အိုးခွက် လှူခြင်း အကျိုးသုံးပါး စကားရပ် မှတ်ဖွယ်တည်း]

[သုံးဖြာလယ်တွင်း ဟူရာ၌ ဗုဒ္ဓ၊ သံဃ၊ ဂဏ ဤသုံးပါးကို ယူလေ၊ တစ်တစ် ခံရာ တစ်ပါးပါး ယူလေ]

 mgyoe.com 

## လက်သုတ်ပဝါလှူကျိုး ၅-ပါး

၇၃။ လက်သုတ်ပဝါ၊ လှူဒါန်းရာ၌၊ ပညာကြီးလျက်၊ အသက်လည်းရှည်၊ တည်ကြည်တုံလျှင်း၊ ပင်ပန်းကင်းလျက်၊ ကောင်းခြင်း လက္ခဏာ၊ ပြည့်စုံစွာသည်၊ သုံးဖြာလယ်တွင်း စိုက်လေမင်း၊ [ဤကား လက်သုတ်ပဝါအကျိုး ငါးပါး စကားရပ် မှတ်ဖွယ်တည်း]

## ဖိနပ်လှူကျိုး ၃-ပါး

၇၄။ ဆင်မြင်း ထမ်းစင်၊ ထို့ပြင်တခြား၊ ရထားသံလျှင်း၊ ခြေနင်းလေးပါး၊ ဖဝါးချကာ၊ ပေါ်ဖြစ်လာလိမ့်၊ သံသရာလမ်း၊ ထွက်ရာလမ်းကို၊ ဖြေစွမ်းနိုင်စွာ၊ ပညာဖိနပ်၊ စီးရတတ်သည်၊ မှတ်လေသုံးမျိုး ဖိနပ်ကျိုး။ [ဤကား ဖိနပ်လှူရာ၌ အကျိုးသုံးပါး စကားရပ် မှတ်ဖွယ်တည်း]

[ယာဉ်ငါးပါးကို တစ်ပါးတည်းယူ၊ ခြေနင်း လေးပါးကိုလည်း တစ်ပါးတည်း ယူလေ၊ ပတ္တမြား၊ ကမ္ဗလာ၊ ရွှေ၊ ငွေ၊ ခြေနင်း လေးပါး မှတ်လေ]

## ရေသနုပ်၊ ခြေသုတ်လှူကျိုး ၅-ပါး

၇၅။ ရွှေ၏အဆင်း၊ ဝင်းဝင်းကိုယ်ရောင်၊ ပြောင်ပြောင်တောက်ပ၊ ကင်းထညစ်ကြေး၊ မြူမှေး မတင်၊ ကိုယ်လျှင် သိမ်မွေ့၊ အတွေ့ခန္ဓာ၊ နူးညံ့စွာလျက်၊ မကွာသတိ၊ ငါးပါးရှိဟု၊ ပါဠိတော်ထုတ်၊ ရေသနုပ်နှင့်၊ ခြေသုတ်လှူရာ၊ ညွှန်ပြမှာသည်၊ မကြာချက်ချင်း လှူလေမင်း။ [ဤကား ရေသနုပ်၊ ခြေသုတ်၊ အကျိုးငါးပါး စကားရပ် မှတ်ဖွယ်တည်း]

## မီးလှူကျိုး ၃-ပါး

၇၆။ ချီးမွမ်းဖွယ်ရာ၊ ဉာဏ်ပညာနှင့်၊ အင်္ဂါပြည့်စုံ၊ ကုံလုံမြင့်မြတ်၊ သုံးရပ်ဌာနီ၊ မီးဒါနကြောင့်၊ ရလိမ့်ဧကန်၊ ကျမ်းလာမှန်သည်၊ ဉာဏ်ပညာမျိုး ခုကပျိုး။ [ဤကား ဒီပဒါနမီးပုံ အလှူအကျိုးသုံးပါး စကားရပ် မှတ်ဖွယ်တည်း]

mgyoe.com

mgyoe.com

## နာနတ်လှူကျိုး ၈-ပါး

၇၇။ သဒ္ဓါ သီလ၊ သုတ စာဂါ၊ ပညာ ဟီရိ၊ မည်ရှိတွင်ထ၊ ဩတ္တပ္ပနှင့်၊ တကွ ခန္တီ၊ စုံစီ ရှစ်ရပ်၊ အကျိုးမြတ်ကို၊ နာနတ်အလှူ ရကြောင်းဟူသည်။ ကြည်ဖြူညွတ်နူး လှူဆည်းပူး။ [ဤကား နာနတ်လှူရာ အကျိုးရှစ်ပါး စကားရပ် မှတ်ဖွယ်တည်း]

## အင်းပျဉ်လှူကျိုး ၅-ပါး

၇၈။ အင်းပျဉ်လှူရာ၊ အကျိုးမှာကား၊ မဟာဘောဂ၊ ရလိမ့်ကေန်၊ ဝန်းရံပလ္လင်၊ ထို့ပြင်တထွေ၊ ရှိသေမျိုးမြတ်၊ ကျော်စောလတ်ဟု၊ ငါးရပ်နိသင်၊ ဖွဲ့စီရင်သည်၊ အင်းပျဉ်လေးထွေ လှူမိစေ။ [ဤကား အင်းပျဉ်အကျိုး ငါးပါး စကားရပ် မှတ်ဖွယ်တည်း]

## ဓားငယ်လှူကျိုး ၅-ပါး

၇၉။ ကလျာဏ မိတ္တ၊ ဝီရိယနှင့်၊ ဓိရသမာ၊ ဉာဏ်ပညာနှင့်၊ မေတ္တာ ခန္တီ၊ စုံစီ မမှား၊ ဤငါးပါးကို၊ ဓားငယ်လှူရာ၊ ရထိုက်စွာသည်၊ ပညာနက်နဲ လက်နက်စွဲ။ [ဤကား ဓားငယ်လှူကျိုး ငါးပါး စကားရပ် မှတ်ဖွယ်တည်း]

## သံကောက်နှင့် သံကောက်အိမ် လှူကျိုး

၈၀။ သံကောက် လှူက၊ ဓမ္မ ဒွါရုံ၊ ပွင့်ရာဉာဏ်နှင့်၊ ကေန်ပြည့်စုံ၊ အိမ်လှူတုံမူ၊ ငြူစူအမျက်၊ ပြင်မထွက်ခဲ့၊ အမျက်နည်းစွာ၊ ဥပါယာသ၊ ကင်းထပင်ပန်း၊ နှစ်ခန်းဒါန၊ စိုက်ပျိုးရက၊ သုံးဝအပေါက်၊ ပွင့်လေမြောက်သည်၊ သံကောက်လက်စွဲ ရအောင်ခဲ။ [ဤကား သော့သံကောက်လှူရာ အကျိုးတစ်ပါး၊ သံကောက်အိမ် လှူရာအကျိုး နှစ်ပါး စကားရပ် မှတ်ဖွယ်တည်း]

[နောင်ဘဝ ပိဋကတ်သုံးပုံ တံခါးသုံးပေါက်ကို ဖွင့်လှန်၍ နိဗ္ဗာန်သို့ ဝင်စရာ ပညာ သံကောက်ရအောင် ယခုဘဝက ဤကုသိုလ်မျိုးကို စိုက်ပျိုးနှင့်ကြလေ ဟူလိုသည်]

mgyoe.com

mgyoe.com

## ခေါင်းအုံးလျှုကျိုး ၆-ပါး

၈၁။ မင်္ဂလိဖိုလ်ဒွိဉာဏ်၊ ကေန်ဖြစ်စေ၊ လေးထွေဓမ္မ၊ ဝိဟာရလည်း၊ ထိုနည်း မလွတ်၊ ကျင့်ဝတ်ကျေးဇူး၊ အထူးကောင်းဘိ၊ ဗောဓိပက္ခိယ၊ ဓမ္မတရား၊ ပြည့်စုံပြားလိမ့်၊ လေးပါးသီလ၊ စသည်တဖြာ၊ ပညာသမာဓိ၊ ဝိမုတ္တိက၊ စသည်တစ်ခန်း၊ ဆန်းကြယ်လှစွာ၊ အုံးအိပ်ရာဝယ်၊ နောင်လာမလွဲ စံရမြဲ။ [ဤကား ခေါင်းအုံးလှူရာ စေတနာအကျိုး ခြောက်ပါး စကားရပ် မှတ်ဖွယ်တည်း (အပဒါန်ပါဠိတော်လာ)။]

## တောင်ဝှေးလှူကျိုး ၆-ပါး

၈၂။ ဗဟုပုတ္တ၊ တာသမရှိ၊ မသိချော်ချွတ်၊ ကင်းလွတ်နှိပ်စက်၊ မပျက်နိစ္စ၊ စောင့်ထခပ်သိမ်း၊ ကင်းငြိမ်းတုန်လှုပ်၊ စိတ်ဥဒ္ဓစ္စ၊ လွတ်ထနောင်ရေး၊ တောင်ဝှေးလှူရာ၊ ကျမ်းဒွိလာသည်၊ ခြောက်ဖြာမလွဲ ရလေမြဲ။ [ဤကား တောင်ဝှေးလှူရာ အကျိုးခြောက်ပါး စကားရပ် မှတ်ဖွယ်တည်း။ (အပဒါန်ပါဠိတော် လာ)]

## ထီးလှူကျိုး ၈-ပါး

၈၃။ ထီးလှူရာဝယ်၊ စံရာဘွယ်ကား၊ မတွယ်မြူကြေး၊ ရန်ဘေးကင်းကွာ၊ ကိုယ်မှာ သိမ်မွေ့၊ အတွေ့အပူ၊ စိတ်မူသန့်ရှင်း၊ ကင်းသည် နှောင့်ယှက်၊ ဆက်တိုင်း ထီးဖြူ လူလူကြွကြွ၊ ဆောင်လုပ်ရလိမ့်၊ တုပ်ကွရှိသေ၊ ဤရှစ်ထွေကို၊ ရလေအမြဲ နှလုံးစွဲ။ [ဤကား ထီးလှူရာ အကျိုးရှစ်ပါးရကြောင်း စကားရပ် မှတ်ဖွယ်တည်း]

## တံမြက်လှည်းကျိုး ၅-ပါး

၈၄။ တံမြက်လှည်းရာ၊ အကျိုးမှာကား၊ သေခါနတ်ပြည်၊ ကြည်ညိုစိတ်ဖော၊ တစ်ပါးသောသူ၊ ကိုယ်လည်း ဟူ၍၊ နတ်လူ ဝမ်းမြောက်၊ လျောက်ပတ် အဆင်း၊ မယွင်းလွတ်ခါ၊ ဤငါးဖြာကို၊ မြန်စွာမလွဲ ရလေမြဲ။ [ဤကား တံမြက်လှည်းရာ အကျိုးငါးပါး စကားရပ် မှတ်ဖွယ်တည်း]

mgyoe.com

mgyoe.com

## သိကြားဖြစ်ကြောင်း ၇-ပါး

၈၅။ ကြီးသောသူကို၊ ရိုသေစွာလေ့၊ သိမ်မွေ့စကား၊ ပယ်ရှားကြမ်းတမ်း၊ ပေးကမ်းတတ်စွာ၊ မာနကိုဖြိုု၊ ဝန်တိုခြင်းကင်း၊ မွေးခြင်းမိဘ၊ ဓမ္မခုနစ်၊ စုံသည်ဖြစ်စေ၊ စင်စစ်မမှား၊ သိကြားဧကန်၊ ဖြစ်ရမှန်သည်၊ လေးတန်မျိုးသား စုံစေ့ကား။ [ဤကား သိကြားမင်းဖြစ်ကြောင်း တရားခုနစ်ပါး စကားရပ် မှတ်ဖွယ်တည်း။ (ဓမ္မပဒအဋ္ဌကထာ မာဃ ဝတ္ထုလာ)]

## အပ်လျှုကျိုး ၅-ပါး

၈၆။ ကစ်ါဆေဒ၊ ဘိရူပနှင့်၊ ဘောဂပညာ၊ အပ်လျှုရာဝယ်၊ ငါးဖြာမလွဲ ရလေမြဲ။

[ကစ်ါဆေဒဌ် ကိုယ်၏ ယုံမှားခြင်း၊ သူတစ်ပါး၏ ယုံမှားခြင်း နှစ်ပါးကို ယူလေ။ ဤကား အပ်လျှုရာ အကျိုးငါးပါး စကားရပ် မှတ်ဖွယ်တည်း။ အပဒါန်မှာ ကြည့်လေ]

## အပ်ချည်လျှုကျိုး ၃-ပါး

၈၇။ ကာယစိတ္တ၊ သုခနှစ်ဖြာ၊ ဣရိယာပထ၊ သုခတမည်၊ အပ်ချည်လျှုရာ၊ ဤသုံးဖြာကို၊ မှန်စွာမယွင်း ရလေလျှင်း။ [ဤကား အပ်ချည်လျှု အကျိုးသုံးပါး စကားရပ် မှတ်ဖွယ်တည်း]

## ဒန်ပူ စားခြင်း၊ မစားခြင်း အကျိုး၊ အပြစ် ၅-ပါး

၈၈။ (က) စက္ခုမကြည်၊ နံသည်ခံတွင်း၊ မရှင်းဇိဝှါ၊ အစာသလိပ်၊ ပိတ္တမြွေးယှက်၊ စာချက်အစာ၊ မမြိန်ရာသည်၊ ငါးဖြာနှစ်မျိုး သိအောင်ကြိုး။

(ခ) ဒန်ပူမစား၊ ငါးပါးအပြစ်၊ ဧကန်ဖြစ်လိမ့်၊ စင်စစ်မမှား၊ သုံးစားရာဝယ်၊ ငါးသွယ်မနေး၊ မျက်မှောက်ပေးလိမ့်၊ သုံးရေဖွယ်ရာ၊ လျှုရပါမူ၊ နောင်လာဘဝ၊ ငါးပါးရလိမ့်၊ ဗလငါးတန်၊ အာနိသံကို၊ ဉာဏ်ဝယ်အမြဲ အရခဲ။

mgyoe.com

mgyoe.com

## ဒန့်ပူလှူကျိုး ၅-ပါး

၈၉။ ဒန့်ပူအလှူ၊ အကျိုးမှုကား၊ မွေးကြိုင်အနံ့၊ ပျံ့လှိုင်ခံတွင်း၊ သန့်ရှင်းလည်ချောင်း၊ ချောင်းဆိုးမရှိ၊ မထိတဖြာ၊ ကုတ်ဟီးနာနှင့်၊ သာသည်အသံ၊ ဤငါးတန်ကို၊ ဧကန်မလွဲ စံရမြဲ။

[ဒန့်ပူ မစားခြင်းအပြစ်၊ စားခြင်းအကျိုးမှုကား စူဠဝါ၌ ဟောတော်မူသည်။ လှူခြင်းအကျိုးမှုကား အပဒါန်ပါဠိတော်၌ လာသည်။ တစ်သက်ပန်လုံး ဒန့်ပူကို သာ စား၍ စားကျိုး၊ လှူကျိုးကိုလည်း မသိ၊ အပြစ်ကိုလည်း မသိရှိတတ်သည်၊ အချိန် ငယ်ငယ်ရွယ်ရွယ် စောစောက သဘောကျကြစေ]

## ကြံလှူကျိုး ပုံသက်သေ

၉၀။ ကြံတစ်ချောင်းမျှ၊ ရှင်ကောင်းတို့အား၊ လှူမိငြား၍၊ ကြီးမား မြင့်ထွက်၊ ဘုံပြာသာဒ်နှင့်၊ ရံပတ်သီးသီး၊ ရိပ်ကြီး ဆွဆွ၊ ထွန်းပသာမြူး၊ စံရဖူးသည်၊ ကြည်နူးရှိသေစွဲမှတ်လေ။ [ဤကား ကြံတစ်ချောင်းလှူရာ ဥဒါဟရဏ်ပုံ သက်သေတည်း]

## ပန်းလှူကျိုး မှတ်ဖွယ်

၉၁။ ရွှက်ညောင်သွယ်သွန်း၊ ကောက်ရိုးဝန်းမျှ၊ စက်ဝန်းပုဇော်၊ စဉ်ဂုဏ်တော်ကို၊ ကော်ရော်တင်မိ၊ ရောင်ဆင်းငြိလျက်၊ မဏိမြခဲ၊ ပုလဲမျက်ရှက်၊ အထက်ပြောင်ပြောင်၊ ဘုံတစ်ဆောင်နှင့်၊ မိုးခေါင်လယ်ဝ၊ စံစားရသည်၊ မုချမမှား ကျင့်စကား။ [ဤကား ပန်းလှူရာ စကားရပ် မှတ်ဖွယ်တည်း]

## လောဘနိုင်ငံသို့ မလိုက်သင့်ကြောင်း

၉၂။ (က) အိမ်ထောင်အလျောက်၊ တစ်ယောက်မတည်း၊ ဟင်းချိုနည်းလျက်၊ ပစ္စည်းသံကြောင်း၊ တစ်စလောင်းမျှ၊ တစ်ဇွန်းစသား၊ ဒါနစေတနာ၊ လှူသည့်တာကြောင့်၊ နောင်လာဘဝ၊ နတ်ရွာရ၍၊ ပျင်မျှပြည့်လှိုင့်၊ မစားနိုင်သည်၊ ခိုင်ခိုင်အမြဲ စိတ်ဝယ်စွဲ။

(ခ) တစ်လံခန္ဓာ၊ ဝမ်းတစ်ထွာကြောင့်၊ ရိက္ခာပြင်အား၊ ဆွမ်းကွမ်းစားနှင့်၊ အထွာလေးထောင်၊ တထည်စောင်က၊ အခေါင်မနည်း၊

mgyoe.com

mgyoe.com

ကုန်သည်ကြီးထည့်၊ ပစ္စည်းပစ္စယံ၊ တောင်ရှိမံသည်၊ အကြံမချ၊ အားမရခဲ့၊ လုံ့လကြိုးစား၊ မုန်းထားခံရေး၊ ငရဲဘေးကို၊ ခွေးမြစ်ရေ ဟာန်း၊ လိုမှန်းစိုးပိုင်၊ မနိုင်မကန်၊ ငါ့ကျွန် ငါ့အိမ်၊ စည်းစိမ်ရဋ္ဌာ၊ ဥစ္စာရွှေငွေ၊ ငါ့မိုးမြေဟု၊ လိုတွေသင်သီး၊ ဟူးရီးဟူးရာ၊ လုံးပမ်း ရှာသည်၊ တဏှာရစ်ထွေး မောဟမှေး။ [ဤကား တဏှာလောဘနိုင်ငံသို့ လိုက်၍ ဆင်းရဲကြောင်း စကားရပ် မှတ်ဖွယ်တည်း]

## လူတို့ အသက်တိုရှိ သတိပြုသင့်ကြောင်း

၉၃။ နွားခြေ နွားလက်၊ ရေကျက်ကျက်ဝယ်၊ လောက်လက်ပျော်ပါး၊ ငါးသို့၊ လူများအသက်၊ နည်းစွာလျက်တည်း၊ နေပြက်သောကြာ၊ ကဲ့ပမာ သို့၊ မကြာခဏ၊ အနိစ္စသည်၊ နေ့ညမကင်း နှလုံးသွင်း။ [ဤကား လူတို့ အသက်တိုကြောင်း စကားရပ် မှတ်ဖွယ်တည်း]

## ကာမဂုဏ်ငါးပါး မလိုက်စားသင့်ကြောင်း

၉၄။ ရာဇာမရဏ၊ ယက္ခစွယ်ပြူး၊ တောဘီလူးကို၊ ကျေးဇူးသိတတ်၊ ဆွေမျိုး မှတ်၍၊ ဝတ်ဝတ်စားစား၊ ရွှင်ပျော်ပါးလျက်၊ တရားမရှာ၊ နေကြရာဝယ်၊ သံသရာရှည်ဝေး လာလိမ့်ဘေး။ [ဤကား မိမိကိုယ်ကို မအိုဘဲ၊ မသေဘဲ၊ အမြဲ တာရှည် ပျော်နေရမည်ကဲ့သို့ ကာမဂုဏ် ငါးပါး၌ မွေ့လျော်ပျော်ပါးသော သူမိုက်တို့ အား ဘေးများအကြောင်း စကားရပ် မှတ်ဖွယ်တည်း]

## ရှောင်ရှားအပ်သော မီး ၄-ပါး

၉၅။ မိဘတသီး၊ အစ်ကိုယ်ကြီးနှင့်၊ လောင်မီးပမာ၊ ရှောင်အပ်စွာသည်၊ ဆရာ သမား၊ မီးလေးပါးကို၊ ရှောင်ရှားကြဉ်ဖဲ ဝေးဝေးရှဲ။ [ဤကား မီးလေးပါး စကားရပ် မှတ်ဖွယ်တည်း]

mgyoe.com

## ကုသိုလ်ကို ဆည်းပူးသင့်ကြောင်း

၉၆။ သွန်းသွန်းရွက်နှ၊ စိတ်သာစုဖြင့်၊ ကောင်းမှုဆယ်ပါး၊ မြတ်တရားကို၊ တတ်အားသောကြောင့်၊ တံစက်အောက်တွင်၊ မိုးပေါက်ခံတည့်၊ အိုးကြီးပြည့်သို့၊ ပုံ၏သဏ္ဌာန်၊ ကုသိုလ်ကံကို၊ အမှန်စိတ်ထဲ နှလုံးစွဲ။ [ဤကား တံစက်အိုးကဲ့သို့ ကုသိုလ်ကို ဆည်းပူးရာသော စကားရပ် မှတ်ဖွယ်တည်း]

## မလှူအပ်သောဝတ္ထု ၅-ပါး

၉၇။ ပန်းချီနွားလား၊ သေစာသဘင်၊ ထို့ပြင်မိမ္မ၊ ငါးဒါနကို၊ ပုညမဟုတ်၊ အလှူယုတ်ဟု၊ ရွှေနှုတ်တော်ဟ၊ ထုတ်ဖော်ပြသည်၊ နိစ္စမယွင်းကြည့်ရှောင်ကွင်း။ [ဤကား မလှူအပ်သော အလှူငါးပါး စကားရပ် မှတ်ဖွယ်တည်း။ (ပရိဝါပါဠိတော်လာ)]

## အစမ္မဒါန စသည် မှတ်ဖွယ်

၉၈။ ပုဂ္ဂလနှင့်၊ သံဃစေတီ၊ သုံးလီဌာန၊ လိုးလွဲကြမှု၊ ဒါနအလှူခံ၊ တစ်ဖန်ဘောဂ၊ ကိုးသုံးဝတည်း၊ ဓမ္မသုံးဖြာ၊ ခံရာသုံးပါး၊ သုံးစားကာလ၊ သုံးသုံးဝကို၊ ဉာဏ်ထိုးထွင်း သိစေမင်း။ [ဤကား အဓမ္မဒါနကိုးပါး၊ အဓမ္မအလှူခံကိုးပါး၊ အဓမ္မပရိဘောဂ ကိုးပါး၊ ဓမ္မဒါန သုံးပါး၊ ဓမ္မပဋိဂ္ဂါဟက သုံးပါး၊ ဓမ္မပရိဘောဂသုံးပါး စကားရပ် မှတ်ဖွယ်တည်း။ (ငုင်းကျမ်းလာ)]

## ခိုးခြင်း ၂၅-ပါး

၉၉။ (က) တရားဆင်ငြား၊ ဆောင်ယူသွားနှင့်၊ နံ့ထားဥစ္စာ၊ ဣရိယာပုတ်၊ ပျက်တုံးရပ်နှင့်၊ ရွှေ့ထုတ်နေရာ၊ ဤငါးဖြာကို၊ နှစ်မြွာဆယ်မျိုး ရအောင်ကြိုး။

[သက်ရှိ သက်မဲ့ နာနာဘဏ္ဍ ပဥ္စကငါးပါး၊ သက်ရှိ ကေဘဏ္ဍပဥ္စကငါးပါးအားဖြင့် ငါးပါးနှစ်မျိုး ခိုးခြင်းဆယ်ပါးရှိ၏ ဟူလိုသည်]

(ခ) သာဟတ္ထိက၊ အာဏတ္တနှင့်၊ ဓုရနိက္ခေ၊ တထေ့အတ္တ၊ သာဓကနှင့်၊ နိဿဂ္ဂိယသညာ၊ ဤငါးဖြာကို၊ နှုတ်မှာအရိုး သိအောင်ကြိုး။ မခိုး

ခင်က၊ ကြိုးထအကျိုး၊ ကိုယ်တိုင်ခိုးနှင့်၊ စေခိုင်းဝန်ချ၊ ဖြစ်ထ
လွတ်ရာ၊ ဤငါးဖြာကို။ ။ နှုတ်မှာ အရိုးသိအောင်ကြိုး။
[ဤကား ခုနှစ်အရ အတူတူပင်၊ မာဂဓဘာသာ၊ မြန်မာဘာသာအားဖြင့်
ဆိုသည်သာ ထူးသည်]

(ဂ) ပုဗ္ဗသဟ၊ ပယောဂနှင့်၊ ညွှန်ပြနိမိတ်၊ အရိပ်အမြွက်၊ ချိန်းချက်
တိုင်ပင်၊ ဤငါးအင်ကို၊ ဉာဏ်လျှင်တန်ခိုး မိအောင်ကြိုး။

(ဃ) စဉ်းလဲတစ်ချက်၊ နိုင်ထက်တဝ၊ ကြံဆတစ်ခန်း၊ ဖုံးလွှမ်းတစ်
ကြောင်း၊ ကမ္ဘည်းပြောင်းနှင့်၊ ပေါင်းလေကုန်ထ၊ ဤငါးဝကို ဓမ္မ
လမ်းရိုးထိအောင် ကြိုး။ [ဤကား ခိုးခြင်း နှစ်ဆယ့်ငါးပါး စကားရပ်
မှတ်ဖွယ်တည်း]

## ဆေးလှူကျိုး ၁၀-ပါး

၁၀၀။ သမာတိကာ၊ ကျမ်းအလာကို၊ သဒ္ဓါယုံကြည်၊ မှတ်နားတည်လော့၊
အသက်ရှည်ခြင်း၊ အဆင်းပညာ၊ ချမ်းသာကြီးပြား၊ ငှ န်အားလုံ့လ၊ များထ
ခြွေရံ၊ အန္တရာယ်ငြိမ်း၊ ခပ်သိမ်းရိုသေ၊ မိတ်ဆွေသားချင်း၊ မကွေကွင်းရ၊
ဆေးဒါနကြောင့်၊ ငါးပါးငြိမ်းရာ၊ နိဗ္ဗုတာသို့၊ ရောက်ပါရစေ၊ တောင်း
သင့်လေသည်၊ လာထွေမမှား ကျမ်းစကား။ [ဤကား ဆေးလှူရာ အကျိုး
ဆယ်ပါး စကားရပ် မှတ်ဖွယ်တည်း]

## အသံအလှူ မည်ပုံ

၁၀၁။ ခြောက်ဖြာဒါန၊ မြတ်ဓမ္မတွင်၊ သဒ္ဒဒါနံ၊ အသံအလှူ၊ ပေးလိုမူကား၊
သုံးဆူရတနာ၊ တည်ရာအတွင်း၊ စေတီရင်းဝယ်၊ ညွတ်စင်းရိုကျိုး၊ မုရိုးစည်
နှင့်၊ ထက်စည်ကစ၊ ပဥ္စတူရိယာ၊ အာ ဝိ ဃ သု၊ ထည်ထားပြုကာ၊
လှူမှုအသံ၊ ကေန်မမှား၊ မည်တုံငြားလိမ့်၊ တရားဟောဆို၊ မြတ်ပုဂ္ဂိုလ်
အား၊ ကြည်ရှိမြတ်လေး၊ သံထွက်ဆေးဖြင့်၊ ပေးလှူတုံထ၊ တေလဖာဏိ၊
အစရှိသား၊ တွင်ဘိခေါ်မြဲ၊ ဆီတင်လဲက၊ စသည်တခြား၊ တရားနာခေါ်၊
ဟစ်ကြွေးကြော်၍၊ မြွက်ဖော်တုံထ၊ ဓမ္မသဝန၊ ဃောသတဖြာ၊ ပါဠိ

mgyoe.com

သရဇ္ဈာယ်၊ တစ်သွယ်သဒ္ဒ၊ ဓမ္မကထာ၊ မိန့်မှာဟောကြား၊ ပြောငြားတုံထ၊ ဥပနိသိန္နကထာ၊ ဖော်ရာတစ်ခု၊ အနုမောဒနကထာ၊ သင်္ချာခုနစ်၊ ပြုတုံ လစ်က၊ စင်စစ်ဇကန်၊ အသံအလှူ၊ မည်သူဟူလိမ့်၊ မူလဂန္ထ၊ ဥပ္ပလ သို့၊ ဟတ္ထအပြင်၊ တည်တားတင်၍၊ လှူချင်တုံစွာ၊ မတတ်သာဟု၊ အဋ္ဌ ကထာက၊ မိန့်မှာပြသည်၊ မုချမယွင်း သိစေမင်း။ [ဤကား အသံလှူရာမည် ကြောင်း စကားရပ် မှတ်ဖွယ်တည်း။ (အဋ္ဌသာလိနီလာ)]

[အာမှာ အာတတ ကိုယူ၊ ဝိမှာ ဝိတတ၊ အာနှင့် ဝိကို ပေါင်း၍ အာတတ ဝိတတ၊ ဃမှာ ဃန၊ သုမှာ သုသိရကို ယူလေ]

## အသံလှူကျိုး မှတ်ဖွယ်

၁၀၂။ အသံအလှူ ထုံးနည်းယူမှု၊ လှူသည် ရှေးက၊ နန္ဒမထေရ်၊ သုံးမည် လူ့ဘ၊ ပဒုမုတ္တိုရထက်၊ ငှက်ကရဝိက်၊ မျိုးအဟိတ်မှာ၊ ဖြစ်သောခါ၌၊ သာယာ ရွှင်မြူး၊ အသံကျူး၍၊ ညွတ်နူးစေတနာ၊ လက်ျာလှည့်ပတ်၊ သုံးလူ့နတ်ကို၊ ဖြောင့်မတ်ကြည်ဖြူ အသံလှူ၏၊ ထို့တူတစ်ကြောင်း၊ ငှက်ဥဒေါင်းစစ်၊ ဖြစ်သောအခါ၊ ဝါသနာစ၊ ကံဟောင်းမ၍၊ ပစ္စေကဗုဒ္ဓါ၊ နေရာဌာန၊ လိုဏ်ဂူဝဝယ်၊ သွားထတုံရွှေ့၊ တစ်နေ့သုံးခါ၊ သာယာရွှင်မြူး၊ ကြည်နူး စိတ်ဖြူ လှူသည်တတန်၊ ကုသိုလ်ကံကြောင့်၊ လေးတန်ပါယ်ရှာ၊ ကင်း လွတ်ကွာ၍၊ နိဗ္ဗုတာပြည်၊ ရောက်လေသည်ဟု၊ နှလုံးပြု၍၊ ရှေးရှုဝမ်းသာ၊ လှူအပ်စွာသည်၊ နောင်လာစွဲသုံး ကျမ်းလာထုံး။ [ဤကား အသံလှူ၍ အကျိုး ရကြောင်း စကားရပ် မှတ်ဖွယ်တည်း]

## အသံလှူရာ၌ အကျိုးခံစားရပုံ

၁၀၃။ (က) ဝရဏာဟု၊ နာမတွင်လစ်၊ နတ်မင်းဖြစ်၍၊ ရှင်ချစ် ဇိန၊ အတ္ထဒဿီ၊ မမှီနိုင်ဘ၊ သမ္ဗုဒ္ဓအား၊ ဂန္ဓမာလာ၊ ပန်းနံ့သာဖြင့်၊ ဝါဒိတနှင့်၊ ဂီတ တဖြာ၊ တူရိယာစည်၊ တီးမှုတ်မြည်လျက်၊ လှူသည်ဒါန၊ မြတ်ပုညကြောင့်၊ နိမ္မာ နရတိ၊ မည်ရှိခေါ်တုံ၊ ငါးဆင့်ဘုံ၌၊ စံတုံပြီး နောက်၊ ခြောက်တန်နတ်ပြည်၊ တလည်လည်ပြန်၊ ဆက်တိုင်းစံ၍၊

mgyoe.com

လူ့ထံဘုံမှာ၊ ဖြစ်သောခါလည်း၊ စကြာမင်းဖြစ်၊ ဖြစ်တုံလတ်၍၊ အမြတ်နိဗ္ဗူ၊ အရချူသည်၊ ရှေးတူမယွင်း နှလုံးသွင်း။ [ဤကား အသံလျှုရာ၌ အကျိုးရကြောင်း ကောသနိယမထေရ် စကားရပ် မှတ်ဖွယ်တည်း]

(ခ) ခရုသင်းအရာ၊ လွန်လိမ္မာ၍၊ သုံးဖြာလောကီ၊ တုမရှိသား၊ ဝိပဿိဘုရား၊ ရှင်တော်အားဝယ်၊ သွား၍ မပြတ်၊ မှုတ်တုံ လတ်၍၊ ဖြောင့်မတ်ကြည်ဖြူ၊ လှူသည်အသံ၊ ကုသိုလ်ကံကြောင့်၊ သံသရာဘဝ၊ မစုရနှင့်၊ ဃောသမဟာ၊ တဖြာနဒီ၊ သုံးလီအသံ၊ ဆက်တိုင်းရုံလျက်၊ လေးတန်ပါယ်ရွာ၊ လွတ်ကင်းကွာ၍၊ နှစ်ဖြာဘဝ၊ သုခနှစ်မျိုး၊ ဆက်တိုင်း စိုး၍၊ ကိုးဆယ့်တစ်ကမ္ဘာ၊ စံပြီးခါမှ၊ ပစ္ဆိမဌ်၊ သခ်ဓမကထေရ်၊ ဖြစ်လေသည်ဟု၊ ဟောသည်အပဒါန်၊ ကျမ်းလာမှန်သည်၊ အသံလှူကျိုးနည်းတစ်မျိုး။

## နတ်ပြည်ရောက်ကြောင်း တရား ၃-ပါး

၁၀၄။ သစ္စာတရား၊ စကားမှန်စေ၊ လှူလေနည်းများ၊ ပယ်ရှားအမျက်၊ မထွက်ပေရာ၊ သုံးဖြာတရား၊ အကြောင်းအားကြောင့်၊ ထက်ဖျားနတ်ရွာ၊ ရောက်သည်သာဟု၊ မြတ်စွာဘုရား၊ ဟောညွှန်ကြားသည်၊ လေ့ကားသုံးထွေ ခင်းမိစေ။ [ဤကား နတ်ပြည်ရောက်ကြောင်း တရားသုံးပါးစကားရပ် မှတ်ဖွယ်တည်း။]

## အရှင်အာနန္ဒာရသည့် ဝေဒင် ၅-ပါး

၁၀၅။ *လုပ်ကျွေးအရာ၊ သိမ်မွေ့စွာလျက်၊ ဓမ္မက္ခန္ဓာ အကြား၊ အများသည်တရပ်၊

---

* ရှင်အာနန္ဒာ ဝေဒင်ငါးချက်တွင် လျှင်မြန်ခြင်း ဟူ၍ မပါရှိချေ။ ဧကင်္ဂုတ္တရပါဠိ ဧတဒဂ္ဂဝဂ် (ဆဋ္ဌမူ ၂၅) ၌ ဗဟုသုတ၊ သတိမန္တ၊ ဂတိမန္တ၊ ဓိတိမန္တ၊ ဥပဋ္ဌာက ဟူ၍သာ ဝေဒင်ငါးမျိုးရကြောင်း ပါသည်။

သို့သော် စကားတော် လျှင်မြန်ခြင်းသည်လည်း ကျမ်းထွက်ဖြစ်ပေသည်။ သုံးပုံ အိင်္ဂထောင့်ကျမ်း စာမျက်နှာ (၁၄၃) ၌ 'လူမှာ တစ်ခွန်း၊ ကျေးလေးခွန်း၊ ရှစ်ခွန်း အာနန္ဒာ' လင်္ကာအောက်ခြေမှတ်ချက်ကို ကြည့်လေ။

ဆုရှစ်ပါးမှာ အင်္ဂုတ္တရပါဠိတော်နှင့် မဟာပရိနိဗ္ဗာနသုတ် အဋ္ဌကထာ ဥပဋ္ဌာက ပရိစ္ဆေဒတွင်ရှလေ။

mgyoe.com

mgyoe.com

အမှတ်မြဲခြင်း၊ လျှင်မြန်ခြင်းနှင့်၊ ရွှတ်ခြင်းလျှင်စွာ၊ အာနန္ဒာဟု၊ ငါးခါ ဧတဒဂ်၊ မိန့်မြွက်သံတော်၊ ကောင်းကြီးခေါ်သည်၊ သားတော်ချင်းချင်း တုဘက်ကင်း။ [ဤကား ရှင်အာနန္ဒာ ဧတဒဂ်ငါးပါးရကြောင်း စကားရပ် မှတ်ဖွယ်တည်း]

## အရှင်အာနန္ဒာယူသည့် ဆု ၈-ပါး

၁၀၆။ ဆွမ်းကိုမပေး၊ သင်္ကန်းရေးလည်း၊ မပေးစေလို၊ ကိုယ်နှင့်တစ်ကွ၊ တိုက်ဂန္ဓ၌၊ မနေရပါ၊ ဆွမ်းဖိတ်ရာသို့၊ သွားကာ မခေါ်၊ လျှောက်သော်ကြွပါ၊ ဖူးမြင်လာက၊ တွေ့ပါရစေ၊ သုံးထွေတရား၊ ယုံမှားရှိခါ၊ မေးပါရစေ၊ သုံးထွေလူနတ်၊ ပရိသတ်ဝယ်၊ မျက်ကွယ်ကာလ၊ ဟောညွှန်ပြ၍၊ ရောက်ထတစ်ဖန်၊ ဟောပြန်ပါက၊ နိစ္စမကွာ၊ လုပ်ကျွေးပါမည်၊ ယူသည်တရား၊ ဆုရှစ်ပါးကြောင့်၊ ထံပါးမကွေ၊ လုပ်ကျွေးလေသည်၊ ရိုသေဝပ်စင်း တပည့်ရင်း။ [ဤကား ရှင်အာနန္ဒာ ယူသည့် ဘုရားထံပါးမှ ဆုရှစ်ပါး စကားရပ် မှတ်ဖွယ်တည်း]

## သာဓုခေါ်ရာ နှလုံးထားဖွယ်

၁၀၇။ *သာဓုခေါ်ရာ၊ ကျမ်းလာသက်သေ၊ နည်းနာဖွေမူ၊ လွန်လေရှေးခါ၊ ဝိသာခါမူ၊ သဒ္ဓါကြည်ဖြူ၊ ကျောင်းလှူသောခါ၊ ပတ္တာနုမောဒန၊ ရွှင်ပျဝမ်းသာ၊ သာဓုခေါ်ကြား၊ အကျိုးအားကြောင့်၊ ပြောင်းသွားသောခါ၊ ဝတိံသာ၌၊ ခြောက်ဖြာစွန်းကယ်၊ ဆယ်ယူဇနာ၊ ကြီးကျယ်စွာသား၊ ဘုံအဖျား၌၊ ပျံသွားကောင်းကင်၊ ဝန်းကျင်ကိုယ်ရောင်၊ လင်းလင်းပြောင်မှု၊ တောက်ပဝင်းဝါ၊ တစ်ရာခန့်လောက်၊ ကိုယ်ရောင်တောက်လျက်၊ ဝမ်းမြောက်သမှု၊ သာဓုခေါ်ကြား၊ ကုသိုလ်အားကြောင့်၊ စံစားရဟန်၊ ကျမ်းဂန် အဋ္ဌကထာ၊ ထုံးစံလာသား၊ ပုံစကားကို၊ မမှား ရှေ့ရှု၊ နှလုံးမူ၍၊ သာဓုခေါ်ရာ၊ ညွှန်ခဲ့မှာသည်၊ နှုတ်မှာမယွင်းစေနှင့်မင်း။ [ဤကား သာဓု

---

* ပိုးစာ၊ လောင်မီး၊ ကျင်ကြီး၊ ကျင်ငယ်၊ တသွယ်သွေးသား၊ ဖြစ်လေငြားသည်၊ ငါးပါး အစာ ခွဲဝေတည်း။ (ရှေးလက်ဘာ)

mgyoe.com

mgyoe.com

ခေါ်ရာဝယ် နှလုံးထားဖွယ် စကားရပ်မှတ်ဖွယ်တည်း။ (ဝိမာနဝတ္ထု အဋ္ဌကထာလာ)]

## စားသမျှ အစာ ၅-စုဖြစ်ပုံ

၁၀၈။ *ကျင်ကြီးတစ်သွယ်၊ ကျင်ငယ် တခြား၊ အသား တစ်မျိုး၊ တေဇောပိုးသား၊ စားလေရာဟု၊ အဋ္ဌကထာသမော၊ ကျမ်းဝယ်ဟောသည်၊ သဘောဉာဏ်နေ ကျကြစေ။

[ထမင်းစားရာ သတိပဋ္ဌာန်ပါအောင် စားလေ ဟူလိုသည်။ ဤကား စားလေသမျှ အစာငါးစု ဖြစ်ဟန်မှတ်ရန် စကားရပ် မှတ်ဖွယ်တည်း၊ စားတိုင်းစားတိုင်း ဆင်ခြင်မိကြဆေ]

## သတိသမ္ပဇဉ်ယှဉ်၍ အိပ်ခြင်းအကျိုး ၅-ပါး

၁၀၉။ သတိသမ္ပဇည၊ မြတ်ဓမ္မဖြင့်၊ အိပ်ကြလေရာ၊ မအိပ်ရာ၌၊ ပစ္စာနိသင်၊ မှတ်ရာဆင်ပိမ့်၊ နတ်လျှင်စောင်မ၊ ယုတ်စွာအိပ်မက်၊ မမြင်မက်တည်း၊ နှစ်သက်အိပ်နိုး၊ သုက်မျိုးမလွတ်၊ ပြည့်စုံညွတ်သည်၊ မပြတ်စွဲလေ အိပ်တတ်စေ။ [ဤကား သတိသမ္ပဇညတရားနှင့် ပြည့်စုံစွာ အိပ်ခြင်း၊ အကျိုးငါးပါး ပြည့်စုံခြင်း၊ အပြစ်ငါးပါး စကားရပ် မှတ်ဖွယ်တည်း။ အနွယဗျတိရေက ယူလေ]

## ကမ္မဋ္ဌာန ယောဂီတို့ အိပ်ပုံ

၁၁၀။ ဆကောဋ္ဌာသ၊ နေ့နှင့်ညတွင်၊ အိပ်ထတစ်ခု၊ ငါးစုနိုးကြား၊ တစ်ပါးသုတ်သင်၊ ထို့ပြင်လေးစု၊ လုံ့လပြု၍၊ ရှုလေကမ္မဋ္ဌာန်း၊ လွန်စီးဖြန်းဟု၊ သုံးလူ့ဆရာ၊ မိန့်တော်လာသည်၊ မကွာအမြဲ နှလုံးစွဲ။ [ဤကား လုံ့လနှင့် ပြည့်စုံသောသူတို့ အိပ်ရာဝယ် မှတ်ဖွယ်စကား ရပ်တည်း။ (သုတ္တသင်္ဂဟ အဋ္ဌကထာလာ)]

---

* အင်္ဂုတ္တရအဋ္ဌကထာ (ပ) (၂၀) စသည်တို့၌ သာစုခေါ်ခြင်းကြောင့် အာခံတွင်းက ကြာနံ့သင်းကြောင်း ဝတ္ထုသက်သေများ ပါရှိသည်။

mgyoe.com

[ခြောက်စုစုလေ၊ တစ်စု ကမ္မဋ္ဌာန်း၊ တစ်စုံကို ကိုယ်လက်သုတ်သင်လေ၊ တစ်စု ကိုယ်သာ အိပ်ရာ၏ ဟူလိုသည်။ ၎င်း နိဿယမှာ ကြည့်လေ]

## မပြစ်မှားအပ်သည့်၌ ပြစ်မှားခြင်း အပြစ် ၁၀-ပါး

၁၁၁။ *မပြစ်မှားအပ်၊ ပြစ်မှားတတ်စွာ၊ အပြစ်မှာကား၊ ကျင်နာပြင်းပြ၊ ဒုက္ခဝေဒနာ၊ အင်္ဂါသုံးပါး၊ ကြီးမားအနာ၊ လေးလံစွာနှင့်၊ စိတ်မှာမတည်၊ ရူးသည် တစ်ချက်၊ စက်ဆုပ်ရွံရှာ၊ စွပ်စွဲလာသား၊ ဆွေညာပျက်စီး၊ ပြုန်းတီးဥစ္စာ၊ မင်းဘေး လာ၍၊ အိမ်မှာ မီးလောင်၊ ထို့နောင် ငရဲ၊ ပြောင်းလဲကာလ၊ ကျလေရာသည်၊ တွေ့ရာမမှား ပြစ်ဆယ်ပါး။ [ဤကား မပြစ်မှားအပ်သော သူတို့အား ပြစ်မှားခြင်း အပြစ်ဆယ်ပါး စကားရပ် မှတ်ဖွယ်တည်း]

## အသက်တစ်ရာကျော် ပုဂ္ဂိုလ်များ

၁၁၂။ **ယခုအခါ၊ သက်တစ်ရာဟု၊ စဉ်လာအဟော၊ ခေါ်ဝေါ်ပြော၏၊ သဘောအရ၊ နေရသူတကား၊ အလွန်ရှားခဲ့၊ ထင်ရှားကြေညာ၊ အာနန္ဒာနှင့်၊ မဟာ ကဿပ၊ ထေရ ရဟန္တာ၊ ဝိသာခါက၊ ပေါက္ခရသာတိ၊ အညီတွင်သ၊ သေလတဖြာ၊ ဗြဟ္မာယုက၊ ဗာဝရိယနှင့်၊ လေးဝပုဏ္ဏားး၊ ခုနစ်ပါးမှာ၊ တစ်ရာကသော်၊ နှစ်ဆယ်ကျော်လိမ့်၊ ခေါ်တွင်တဖြာ၊ နုရုဒ္ဓါမူ၊ တစ်ရာ ငါးဆယ်၊ ခြောက်ဆယ်ဘာဝ၊ ဗာကုလထေရ်၊ ကျော်လေသည်ဟု၊ သက်ရှည် ပုဂ္ဂိုလ်၊ ကိုးယောက်ဆို၏။ ထို့ပြင်တခြား၊ မကျော်ကြားသည်၊ တရား သံဝေ ထိတ်လန့်စေ၏။ [ဤကား အသက်တစ်ရာကျော် နေရသော ပုဂ္ဂိုလ်အပြား စကားရပ် မှတ်ဖွယ်တည်း]

[အသက်တမ်းကိုဆိုသော စကားကို ကြားရလျှင် အသက်တစ်ရာ နေရလိမ့်မည် အထင်ကြီးနှင့် ယောင်တီးယောင်တ မနေကြလင့်၊ အသက်တစ်ရာ နေရသူကား ရှား၏။ မနေရသူသာ များချေ၏ဟု သေခြင်းတရားကို နှလုံးထားမိကြစေဟု ဆိုသည်]

---

* ဓမ္မပဒအဋ္ဌကထာ (၃) ဒဏ္ဍဝဂ်–မောဂ္ဂလ္လာနထေရ်ဝတ္ထုရှု။

** သုတ်မဟာဝဂ္ဂ အဋ္ဌကထာ မဟာပဒါနသုတ် အာယုပရိစ္ဆေဒဝဏ္ဏနာ၊ စာမျက်နှာ (၆)

mgyoe.com

mgyee.com

## ပုဗ္ဗေနိဝါသဉာဏ် အပိုင်းအခြား ၆-ပါး

၁၁၃။ ဒိဋ္ဌိတို့ဝယ်၊ လေးဆယ်ကမ္ဘာ၊ မြင်နိုင်ရာ၏၊ ပညာကြီးဘိ၊ ပကတိမူ၊ ရာထောင်ဟူလိမ့်၊ ထို့တူတဖြာ၊ မဟာသာဝက၊ တစ်သိန်းမျှတည်း၊ အဂ္ဂသာဝကာ၊ ထေရ်တို့မှာကား၊ သချာၤတွက်ရေ၊ တစ်သင်္ချေနှင့်၊ သိန်းနေကမ္ဘာ၊ ထွန်းလင်းစွာ၏၊ သမ္မာသမ္ဗုဒ္ဓ၊ ဉာဏအနန္တာ၊ ဘုရားမှာကား၊ သင်္ချာ ဂဏန်း၊ မခွဲခြမ်းပိုင်၊ သိမြင်နိုင်သည်၊ ဉာဏ်ခိုင်ဆိုရေး လွန်ကျယ်ဝေး။ [ဤကား ပုဗ္ဗေနိဝါသ ဉာဏ်ကိုရသော ပုဂ္ဂိုလ်ခြောက်ပါး စကားရပ် မှတ်ဖွယ်တည်း]

## မစားအပ်သော ဆွမ်း ၆-ပါး

၁၁၄။ အဟိုင်းသမုတ်၊ ပဏ္ဍုတ်တတည်၊ အရက်သည်နှင့်၊ ပြည့်တန်ဆာမ၊ မုဆိုးမဟု၊ မည်ရတစ်ခန်း၊ ရဟန်းမိန်းမ၊ ဤဋ္ဌာနကို၊ နေ့ညသွားလာ၊ မိတ်ဖွဲ့ငြား၍၊ ဆွမ်းအားခံထွေ၊ မအပ်ချေရှင့်၊ ရှောင်လေတုံကား၊ ဆွမ်းခြောက်ပါးကို၊ ဘုရားမျက်ရှု ခွင့်မပြု။ [ဤကား ရဟန်းတို့အား မစားအပ်သော ဆွမ်းခြောက်ပါး စကားရပ် မှတ်ဖွယ်တည်း။ (အဋ္ဌသာလိနီထွက်)]

## ယူဇနာတာ အပြား ၃-ပါး

၁၁၅။ (က) ခုနစ်တောင်သည်၊ တစ်တာမည်၏၊ ဆယ်လီဆယ်ဖြာ၊ ထိုအတာကို၊ သညာဖော်ထုတ်၊ တစ်ဥသဘ၊ ခေါ်ဝေါ်ကြ၏၊ ဥသဘ ရှစ်ဆယ်၊ ခေါ်ဖွယ်မယုတ်၊ တစ်ဂါဝုတ်တည်း၊ လေးဂါဝုတ်မူ၊ တစ်ယူဇနာ၊ ကျမ်းလာမှန်သည်၊ နောင်လာအများ မှတ်လေတကား။

(ခ) လေးတောင်ထွာမြတ်၊ အားခွန်လွတ်၍၊ ကိုင်းညွတ်ကွေးကွေး၊ ကုလလေးတည့်၊ ကုလလေးအပြန်၊ ငါးရာမှန်က၊ တစ်ကောသတည့်၊ လေးကောသကား၊ မှန်လှမယုတ်၊ တစ်ဂါဝုတ်တည်း၊ ဂါဝုတ်လေးမူ၊ တစ်ယူဇနာ၊ ကျမ်းဆရာတို့၊ မိန့်မှာပေထ၊ ညွှန်ခဲ့ပြသည်၊ မှတ်ကြလေကား အမျိုးသား။ [ဤကား ယူဇနာစကားရပ် မှတ်ဖွယ်တည်း။ (ကျမ်းနက်လာ)]

[ရှေးနည်းမှာ မြင့်မိုရ်တာ၊ နောက်နည်းမှာ အရညကင်တာ၊ စကြဝဠာတာကို

mgyee.com